
ထက်မြတ်နိုင်ဇင်
ညရဲ့ပြင်မှာ....
'လ'သံစဉ်သီကာမဲ့ပါလို့

# နိဒါန်း

အကယ်၍ ဖြစ်နိုင်မည်ဆိုလျှင် ... ရေပြင်အစွန်းမှ မြင့်တက်လာသော လရောင်ကို အုပ်မိုး သိမ်းထုတ်ဖို့ ရွှေချည်ထိုး နတ်သမီးခြုံပဝါ တစ်ထည်ကို ပိုင်ဆိုင်ချင်မိ၏။ လောကတွင်တည်မြဲသော ကိစ္စဟူ၍ ဘာမှမရှိဟု ဆိုသော်လည်း တချို့ဘဝထဲတွင် အသက်ထက်ဆုံး ခိုင်မြဲနေသည့် ကျိန်စာကို မည်သူက ဖန်တီးခဲ့ပါသနည်း ....။

အလင်းရောင်သည် ဖြူစင်ခြင်းနှင့် မြတ်နိုးဖွယ် တည်ရှိမှုတစ်ခုဟု ဆိုသော်လည်း တချို့ လူတွေအဖို့ အမှောင်သာလျှင် တစ်ခုတည်းသော ရှင်သန်ရာဟု ပြောလျှင် မည်သူမျှ ယုံကြည်လိမ့်မယ် မဟုတ်ချေ။ ကမ္ဘာပေါ်တွင် ယုံကြည်ခြင်းနှင့် မယုံခြင်းတို့ကြားထဲ လူ့အသက်ပေါင်း မည်မျှ စတေးခဲ့ကြပြီးပြီလဲ .. သူ မသိချေ။

သူ သိသည်မှာ အလင်းထက် အမှောင်ကိုသာ သူ မြတ်နိုးသည်။

***

လနတ်သမီးဆယ်လင်းသည် ညကို အလှဆင်ရန်အတွက် ထွက်လာသည်။ ဆယ်လင်းသည် နို့ရောင် အသွေးဖြူဖွေးသည့် မြင်းကြီးများနှင့် ကောင်းကင်တစ်ခွင် လှည့်လည် ခရီးနှင်လေသည်။ အေးမြသည့် ငွေလရောင်သည် တိတ်ဆိတ်ငြိမ်သက်ပြီး အိပ်မောကျနေသော လောကကြီးကို ညင်ညင်သာသာ ထိတွေ့၏။

တစ်ညတွင် ဆယ်လင်း၏ငွေလရောင်သည် အင်ဒီမီယွန်ဟုခေါ်သော

သိုးထိန်းလုလင် တစ်ဦးပေါ်သို့ ညင်သာစွာ ဖြာကျနေသည်။ လမင်းဆယ်လင်းသည် သိုးများ၏ဘေးတွင် အိပ်ပျော်နေသော အင်ဒီမီယွန်ကို ငေးစိုက်ကြည့်နေမိ၏။ သူမ၏ မျက်လုံးအရောင်ကား လရောင်ထက်ပင် လက်နေသေးသည်။ ငေးကြည့်နေမိရာမှ လနတ်သမီး၏ နှလုံးသားထဲတွင် ထိုလုလင်အပေါ် ချစ်ခင်နှစ်လိုစိတ်များက တမံကျိုးသည့်ရေကဲ့သို့ တားမရဆီးမရလျှံထွက်လာ၏။ ထူးထူးဆန်းဆန်း အိပ်ရင်း ပြုံးနေသော သိုးထိန်းလုလင်ငယ်သည် ငယ်ရွယ်ပြီး ရုပ်ရည်မှာ သန့်ပြန့်လွန်းလှသဖြင့် ထိုအဆောင်အယောင်ကပင် လနတ်သမီး၏ နှလုံးသားကို ညို့ယူသိမ်းထုတ်သွားခြင်းပင် ဖြစ်သည်။

တာဝန်ချိန် ကုန်ဆုံးသွားသည့်အခါ လနတ်သမီးဆယ်လင်းကဇီးယုစ်ထံသွားပြီး အင်ဒီမီယွန်ကို သူ့ချစ်ခြင်းဖြင့် ထာဝရအိပ်ပျော်စေသည့်ဆုကိုတောင်းလေသည်။ ထို့ကြောင့် အင်ဒီမီယွန်သည် ပြုံးရင်း အိပ်ပျော်နေရာမှ ထကို ထမလာတော့ဘဲ လနတ်သမီး၏ ချစ်ခြင်းဖြင့် ရက်လုပ်ထားသော နှလုံးသားကတ္တီပါစပေါ်တွင် အိပ်ပြီးရင်း အိပ်နေတော့၏။ သူ့ အိပ်မက်ထဲတွင်ကား သူသည် လမင်းကို ပွေ့ပိုက်ထားသည်ဟု မြင်မက်နေ၏။

ဟုတ်သည်။ ကျွန်တော်သည် ... လနတ်သမီးလယ်လင်း၏ ချစ်ခြင်းကျိန်စာမိနေသည့် အင်ဒီမီယွန် ဟုခေါ်သော သိုးထိန်းလုလင် တစ်ယောက်ပင်ဖြစ်တော့သည်။

***

## (၁)

## စိုင်းဝဏ္ဏ၏ ဘဝစာမျက်နှာ ... ၁

"ရွှေပြည်သိင်္ဂါ၊ တောင်လက်ျာဝယ်

ထက်စွာမြင့်ခေါင်၊ ပြာရီမှောင်သည်

သန်းတောင်ဂီရိ၊ မိုးတရှိက

မြည့်စိုစို၊ မြေတခိုတွင်

ရွှေညိုပုံ့သင်း၊ ညောင်ရွှေအင်းလည်း

နတ်မင်းသုံးရန်၊ နန္ဒာကန်နှင့်

သဏ္ဍာန်မခြား၊ ရေကျက်စားသည်

ရေသားတံငါ၊ စီးပွားရှာသို

ကွန်ချာပွင့်ရပ်၊ ဝင့်ကာအုပ်၍ ..."

ထိုစာလေးသည် ကုန်းဘောင်ခေတ် မင်းတုန်းမင်းလက်ထက်တွင် ကျော်ဇောထင်ရှားခဲ့သော စာဆိုရှင် စလေဦးပုညက အင်းလေးဒေသ၏ လှပတင့်တယ်ပုံကို စာစပ်ဆိုထားခြင်းဖြစ်သည်။

အီတာလျံဘာသာစကားဖြင့် Veneziz ဟု အသံထွက်သည့် ဗင်းနစ်စ်မြို့သည် ဥရောပတိုက်၏ ရေပေါ်မြို့တော်၊ တံတားများမြို့တော် ဟူ၍ လူသိများပြီး ထိုမြို့တွင် အများအားဖြင့် လှေများ၊ ကိုယ်ပိုင် မော်တော်ဘုတ်များဖြင့် သွားလာကြ၏။ ထို့ကြောင့် နိုင်ငံခြားသား ကမ္ဘာလှည့် ခရီးသည်များကလည်း ရေပေါ်မှာပင် အိမ်ဆောက်၊ ရေပေါ်တွင် ဈေးရောင်း၊ လှေဖြင့်သာ တစ်နေရာမှ တစ်နေရာသို့ လှော်ခတ်သွားကြသော အင်းလေးကို မြန်မာပြည်၏ ‘ဗင်းနစ်စ်’ဟု တင်စားခေါ်ဝေါ်ကြသည်။

သို့သော် အင်းလေးသည် ဗင်းနစ်စ်ကဲ့သို့ လူတို့ ပြုပြင်ဖန်တီးထားခြင်း မဟုတ်ဘဲ ... တောင်ပေါ်တွင် သဘာဝအလျောက် ဖြစ်တည်နေခြင်းသည် ပိုပြီး ထူးဆန်းနေသယောင် ဖြစ်နေ၏။ ပို၍ထူးခြားသည်ကား အင်းလေးဒေသတွင် လှေကို လက်ဖြင့်မလှော်ဘဲ ခြေဖြင့်လှော်ခြင်းက မြင်ရသူအဖို့ အံ့သြဖွယ် ဖြစ်နေသည်မှာ ငြင်းမရသည့်အချက်ပင် ဖြစ်သည် မဟုတ်ပါ

လား ။

***

အချိန်ကား ဖောင်တော်ဦးစေတီ ဗုဒ္ဓရုပ်ပွားတော်များ... နမ့်ဟူးရွာ စံကျောင်းတော်သို့ ပြန်လည် ကြွရောက်လာချိန် ဖြစ်သည်။ ထိုအချိန်တွင် အင်းလေးရိုးရာ လှေပြိုင်ပွဲများဖြစ်သည့် အမျိုးသားရာကျော် လှေပြိုင်ပွဲများ၊ အမျိုးသား ၄၆ တက် လှေပြိုင်ပွဲများ၊ အမျိုးသမီး ၂၆ တက် လှေပြိုင်ပွဲများနှင့် အခြားသော ပွဲလမ်းသဘင်များကို စည်ကားစွာ ကျင်းပကြသည်မှာ အင်းလေး၏ ချစ်စဖွယ်ဓလေ့တစ်ခုပင်။

လှေပြိုင်ပွဲကိုအားပေးရန် နမ့်ဟူး တစ်ရွာလုံးအပြင် ရွာနီးချုပ်စပ်မှ လူများအားလုံးက တစ်ခဲနက် လာရောက်အားပေးကြသည်။ အင်းထဲတွင်ရပ်ထားသည့် လှေပေါ်မှလူများ၊ အင်းလေးကန်စပ် ကမူများနှင့် မိမိတို့အိမ်ရှေ့ တံတားများပေါ်တွင် ရပ်ကြည့်နေသူများ စသဖြင့် လူပရိသတ် အင်အားက ပုရွက်ဆိတ်အုံကဲ့သို့ ပြည့်သိပ်နေတော့၏။ လူတွေတင်မက ဘုန်းကြီးသံဃာအချို့လည်းပါ၏။ လူတချို့က ထီးများ ဆောင်းထားကြပြီး အင်းလေးကန်ထဲရှိ လှေပေါ်ကလူတွေကတော့ ခမောက်ဆောင်းသူ ဆောင်း၊ ထီးမိုးသူ မိုးနှင့်လှေပြိုင်ပွဲကို အားပေးရန် အသင့်ရှိနေကြလေသည်။

ထိုလူအုပ်များ၏ အလယ် ရေပြင်ထဲတွင်ကား လှေလှော်ပြိုင်မည့် လှေသမားများက ပြိုင်ရန်အသင့်ဖြင့် မာန်သွင်းထားကြပုံက စိတ်အားတက်ကြွဖွယ် ကောင်းလှ၏။ လှေပြိုင်ပွဲဝင်များက ရှပ်အင်္ကျီအဖြူ လက်ရှည်ကို ပင်နီရောင် ရှမ်းဘောင်းဘီပွများဖြင့် တွဲဝတ်ကာ လှော်တက်ကို ခြေထောက်တွင် ချိတ်ထားကြ၏။

ထိုလူအုပ်ကြီး၏ ရှေ့ဆုံးတွင်ကား နန်းခမ်းကြာညိုသွယ်၊ စောနန္ဒာခိုင်နှင့် နန်းခမ်းကြာညို၏ မိခင်ဖြစ်သူ ဒေါ်နန်းခမ်းမွန်က သားဖြစ်သူ စိုင်း

ဝဏ္ဏာဦးဆောင်သည့် အသင်းကို အားပေးရန် အသင့် စောင့်နေကြသည်။ စောနန္ဒာခိုင်၏ လက်ထဲတွင်ကား နှင်းဆီပန်းနှင့် သပြေပန်းစည်း ကိုင်ထားပြီး သူမက တစ်ဖက်သတ်ချစ်ရသူ အနီအသင်းခေါင်းဆောင် စိုင်းဝဏ္ဏာအတွက် အောင်ပန်းအဖြစ် ရည်ရွယ်ထားပုံပေါ်သည်။

နန်းခမ်းကြာညိုသွယ်က ပါးစပ်နားသို့ လက်ဖဝါးနှစ်ဖက်ကို ကပ်ကာ အစ်ကိုဖြစ်သူ စိုင်းဝဏ္ဏာဆီသို့

"ဟေး အစ်ကို ... နိုင်အောင်ပြိုင်နော် ....။ ညီမလေးတို့ဟေး ... အားပေးနေမယ်"

ဟု အော်ပြောလိုက်သည်။ ညီမ၏အော်သံကြောင့် လှေပေါ်မှ ခေါင်းဆောင် စိုင်းဝဏ္ဏာက ညီမဖြစ်သူ နန်းခမ်းကြာညိုသွယ်ဆီသို့ ကြည့်ကာ ပြုံးပြီးလက်မ ထောင်ပြလိုက်၏။

"သြော် ... ကြာညိုရယ် ... ပူမနေစမ်းပါနဲ့ ... စိုင်း ခေါင်းဆောင်တဲ့လှေကပဲ ဗိုလ်စွဲမှာ၊ မယုံရင် စောင့်ကြည့် ..."

စောနန္ဒာခိုင်က ကြာညိုကို အားပေးလိုက်သည်။

"အမယ်လေး ယောက်မရယ် ... ညီမတစ်ယောက်လုံးကို ရှေ့မှာထားပြီး ကိုယ့်ငါးချဉ် ကိုယ်ချဉ်ပြနေပြန်ပြီ"

ထိုအပြောကြောင့် စောနန္ဒာခိုင်က ရှက်ပြီး ခေါင်းငုံ့ရင်း ကြာညိုသွယ်၏ လက်မောင်းကို မနာအောင် ခပ်ဖွဖွဆွဲဆိတ်လိုက်၏။

ထို့နောက် အချက်ပေးလိုက်သည်နှင့် လှေများ လှော်ခတ်ကာ ပြိုင်ပွဲစတော့သည်။ ခြေထောက်များဖြင့် လှော်ခတ်နေသော လှော်တက်များသည် ရေပြင်ထဲသို့ အားမာန်ရှိစွာ နစ်ဝင်လျက် ...။ အင်းရေပြင်ထက်တွင် လှေများက ခပ်ငြိမ့်ငြိမ့်ဖြင့် လျင်မြန်စွာ ရှပ်တိုက်ပြေးလွှား နေကြပုံသည် မြင်ရ

သူအဖို့ မျက်စိပသာဒဖြစ်ဖွယ်ကောင်းလွန်း၏။ ထိုသို့ အပြိုင်အဆိုင် လှော်ခတ်နေကြရင်း စိုင်းဝဏ္ဏာ ဦးဆောင်သည့်လှေ၏ လှေဦးက အတူယှဉ်နေရာမှ ရှေ့သို့ တိုးထွက်လာ၏။

ပရိသတ်ဆီမှ 'ဟေး'ခနဲ အော်လိုက်သံများ ...။ လက်ခုပ်တီးလိုက်သံများ ... လက်ခေါက် မှုတ်လိုက်သံများက ဆူညံစွာပေါ်ထွက်လာသည်။

"စိုင်းဝဏ္ဏာ ဟေ့ ... စိုင်းဝဏ္ဏာကွ"

သိသိသာသာ ထိုးထွက်ပြီး ရှေ့ရောက်လာသော စိုင်းဝဏ္ဏာ၏ လှေကြောင့် နန်းခမ်းကြာညိုသွယ်နှင့် စောနန္ဒာခိုင်တို့ နှစ်ယောက်သား ကလေးတွေကဲ့သို့ ပျော်ရွှင်စွာ ခုန်ပေါက်နေတော့သည်။ စိုင်းဝဏ္ဏာ၏လှေနောက်မှ ကပ်လျက်လိုက်ပါလာသည့် လှေမှာ စိုင်းအိုက်ဖြစ်သည်။

စိုင်းဝဏ္ဏာတို့လှေနှင့် စိုင်းအိုက်၏လှေတို့ သူနိုင်ကိုယ်နိုင် လှော်ခတ်နေကြရင်း စိုင်းအိုက်ခေါင်းဆောင်သော တစ်ဖက်လှေက စိုင်းဝဏ္ဏာတို့လှေကိုမီခါနီးဖြစ်လာသည်။

စိုင်းအိုက်၏ ပရိသတ်များထံမှ 'ဟေး' ခနဲ အော်သံများ ထပ်ထွက်လာပြန်၏။ စိုင်းဝဏ္ဏာက အနည်းငယ်စိတ်ပူသည့် မျက်နှာဖြင့် သူ့ဘေးမှလှေဆီသို့ အသာစောင်းငဲ့ ကြည့်လိုက်သည်။

ထို့နောက် စိုင်းဝဏ္ဏာက အံကိုကြိတ်ကာ အားနှင့်မာန်နှင့် ဖိလှော်ခတ်လိုက်သည်။ ရေပြင်ပေါ်တွင် လှေဦးနှစ်ခု မတိမ်းမယိမ်း ဖြစ်နေရာမှ စိုင်းဝဏ္ဏာတို့လှေဦးက ဘေးမှလှေထက် ရှေ့သို့ သိသိသာသာ ကျော်တက်သွားပြန်သည်။

ရင်ထိတ်စွာ စောင့်ကြည့်နေသော နန်းခမ်းကြာညိုသွယ်နှင့် စောနန္ဒာခိုင်တို့ နှစ်ယောက်သား အသက်ပင် မရှူမိကြတော့ချေ။ လှေပြိုင်ပွဲတွင် ကိုယ့်လူဘက်မှ အနိုင်ရခြင်းသည် အင်းလေးဒေသတွင် နေထိုင်သူများအဖို့

မိသားစု ဂုဏ်သိက္ခာ တန်ဖိုးတစ်ခုကို ဆွတ်ယူပေးလိုက်ခြင်းနှင့် အတူတူပင် မဟုတ်ပါလား ...။

လှေသုံးစီးတွင် စိုင်းဝဏ္ဏတို့လှေက ရှေ့မှဦးဆောင်နေပြီး ပြင်းထန်စွာ လှော်ခတ်နေသော လှေပြိုင်ပွဲဝင်များ၏ မျက်နှာပေါ်က ဇောပြင်းထန်မှုများသည် အင်းရေပြင်ထဲတွင် အရိပ်ထင်နေလေ၏။

ပရိသတ်များ အော်ဟစ်အားပေးနေကြလေ ... သူတို့၏ အားမန်တွေ တက်ကြွလေမို့ တခြားလှေများကလည်း နောက်မှ အပြင်းအထန် လှော်ခတ်ကြတော့သည်။ သို့သော် စိုင်းဝဏ္ဏ၏ လှေကိုတော့ မည်သူမျှ မမီနိုင်တော့ချေ။ ပန်းတိုင်သည် စိုင်းဝဏ္ဏ၏ လက်တစ်ကမ်းမှာပင် ...။

"စိုင်းဝဏ္ဏ ... စိုင်းဝဏ္ဏ ... စိုင်းဝဏ္ဏ"

နောက်ဆုံး စိုင်းဝဏ္ဏတို့လှေသာလျှင် ပန်းဝင်သွား၏။

ကြည့်နေသော ပရိသတ်များက 'ဟေး' ခနဲ အောင်ပွဲခံအော်ဟစ်ကာ လက်သီးလက်မောင်း တန်းလိုက်ကြသံများ နှင့်အတူ စိုင်းဝဏ္ဏတို့ လှေသမားအချင်းချင်းလည်း ဝမ်းသာအားရဖက်ကာ ဂုဏ်ပြုလိုက်ကြ၏။

စိုင်းဝဏ္ဏက စောစောက ညီမဖြစ်သူ နန်းခမ်းကြာညိုသွယ် အားပေးနေရာဆီသို့ ပြုံးကာ လှမ်းကြည့်လိုက်စဉ် နန်းခမ်းကြာညိုသွယ်ကို မတွေ့ရဘဲ သူငယ်ချင်းဖြစ်သူ စောနန္ဒာခိုင်ကိုသာ တွေ့သဖြင့် ပြုံးနေရာမှတည် သွား၏။

စောနန္ဒာခိုင်ကတော့ ပန်းစည်းလေးထောင်ပြကာ ဝမ်းသာအားရ လက်ပြနေ၏။ စိုင်းဝဏ္ဏက လူအုပ်ကြားထဲမှဖြတ်ကာ သူမ ရှိရာဆီသို့ လျှောက်လာနေသည်ကို တွေ့တာကြောင့် စောနန္ဒာ ဝမ်းသာသွားသည်။ အနားရောက်သောအခါ စောနန္ဒာက စိုင်းထံသို့ ဂုဏ်ပြုပန်းစည်း လှမ်း

ပေးလိုက်ရင်း

"စိုင်း ... နင်အရမ်းတော်တာပဲဟာ .. ရော့ ... ဒါငါနင့်ကို ဂုဏ်ပြုတာ"

စိုင်းက ပန်းစည်းကို လှမ်းမယူဘဲ အမှတ်တမဲ့ တွန်းဖယ်ရင်း ဟိုဟိုဒီဒီ မျက်လုံးအကြည့်ဖြင့် ရှာဖွေလိုက်သည်။

"အေးပါ ... အဲဒီပန်းစည်း ထားစမ်းပါဦးဟာ ညီမလေးရော ... ညီမလေး... ဘယ်ရောက်သွားပြီလဲ ... စောစောက နင်နဲ့အတူတူ ရှိနေတာမဟုတ်လား"

စောနန္ဒာက ဟိုဒီကြည့်လိုက်ပြီးမှ

"ဒီနားမှာပဲရှိမှာပေ့ါဟ။ တခြားသူငယ်ချင်းတွေကို သွားနှုတ်ဆက်နေလို့ ဖြစ်မှာပေ့ါ ... နင်ကလည်း"

"ဟာ ... သူတစ်ယောက်တည်း လျှောက်သွားနေလို့ ဖြစ်မလားဟ။ ဒီ လောက် လူတွေအများကြီး ဥစ္စာ။ အမေကရော ဘယ်ရောက်သွားတာလဲ မ သိဘူး။ ဒုက္ခပါပဲ ....။ နင်ကလည်း နည်းနည်းပါးပါး ကြည့်မထားဘူး"

"ကြည့်ထားရအောင် သူက ကလေးလား ...။ ကိုယ့်ရပ်ကိုယ့်ဒေသပဲဥစ္စာ။ ဘယ်ပျောက်သွားမှာ မို့လို့လဲ။ ဟင်း (သက်ပြင်းခိုးချ) ... ဒီမှာ ငါဂုဏ်ပြုတာ ကိုတော့ဖြင့် နည်းနည်းလေးတောင် အဖက်လုပ်ဖော် မရဘဲနဲ့ဟယ် ..."

ထိုစဉ် နန်းခမ်းကြာညိုသွယ်က လူအုပ်ကြားထဲမှ ဒေါ်လေးပေါင်ငွေး၊ စောနန္ဒာခိုင်၏အဖေ ဦးခွန်သာတို့နှင့်အတူ တိုးထွက်လာရင်း ...

"အစ်ကို"

ခေါ်သံကြောင့် စိုင်းဝဏ္ဏနှင့် စောနန္ဒာတို့ လှမ်းကြည့်လိုက်ကြရာ ကြာ ညိုက ပြုံးပြီး လက်ကိုဝှေ့ယမ်းပြနေသည်ကို တွေ့လိုက်ရသည်။ ယခုမှ စိတ်ပေ့ါပါးသွားဟန်ဖြင့် စိုင်းဝဏ္ဏက ပြုံးလိုက်ရင်း ညီမဖြစ်သူအလာကို မ စောင့်ဘဲ သူကိုယ်တိုင် သွားလိုက်၏။

လျှောက်လာသော ကြာညိုနှင့် လမ်းခုလတ်တွင်ဆုံရာ စိုင်းက ညီမဖြစ်သူ ကြာညိုကို ကြင်နာစွာဖြင့် ပခုံးလေးဖက်လိုက်သည်။ စိုင်းဝဏ္ဏ၏ ညီမနှင့် ပတ်သက်လျှင် သည်းသည်းလှုပ်တတ်သည့် အကျင့်ကို သိထားသူ ဒေါ်နန်းခမ်းမွှန်၊ ဦးခွန်သာနှင့် ဒေါ်ပေါင်ငွေးတို့ ကလည်း ပြုံးပြီးကြည့်နေကြ၏။

စောနန္ဒာခိုင်ကတော့ ဝမ်းနည်းရင်း မျက်ရည်ရောင်လက်နေသော မျက်လုံးလေးများဖြင့် စိုင်းဝဏ္ဏကို လှမ်းငေးကြည့်နေမိ၏။ စိုင်းဝဏ္ဏကတော့

"ညီမလေး ... ဘယ်တွေ လျှောက်သွားနေတာလဲ။ အစ်ကိုက စိတ်ပူနေတာ။ အစ်ကို့မှာ လေ့ပေါ်က တက်တက်ချင်း ညီမလေးကို မတွေ့တော့ ဘယ်လောက် ရင်ပူသွားတယ်မှတ်လဲ။ ကဲ လာ .. လာ .. အစ်ကိုက အစ်ကို့ ညီမလေးနဲ့မှ အတူတူအောင်ပွဲခံချင်တာ။ ဟိုမှာ နန္ဒာလည်း စောင့်နေတယ် ..."

စိုင်းဝဏ္ဏက ညီမဖြစ်သူကို ပခုံးဖက်ပြီး စောနန္ဒာရှိရာဆီသို့ ခေါ်လာ၏။ စောနန္ဒာခိုင်က ပန်းစည်းလေးကိုကိုင်ပြီး တွေတွေငေးငေးလေး ဖြစ်နေသည်။

"စိုင်းရယ် ..... ငါကတော့ နင့်ကိုချစ်လိုက်ရတာ .. နင်က ငါ့အပေါ်ဆိုရင် နင့်ညီမလေးနဲ့ တန်းတူတောင် ဂရုမစိုက်ပေးဘူးနော် ....။ တချို့ကပြောကြတယ် ... လူဆိုတာ အသက်ရှင်သရွေ့ မျှော်လင့်ချက်ရှိတယ်တဲ့။ ငါ့အချစ်ကို နင်နားလည်စေဖို့ မျှော်လင့်ချက်လေးကိုတောင် ငါ ဘယ်နှကမ္ဘာလောက် ပါရမီဖြည့်ရဦးမလဲ မသိဘူး။ ငါ ကံဆိုးလိုက်တာ စိုင်းရယ် .."

ထိုနေ့က နန်းခမ်းကြာညိုသွယ်၏ ကောင်းမှုကြောင့် စိုင်းဝဏ္ဏနှင့် စောနန္ဒာခိုင်တို့ တွဲရိုက်ထားသည့် ဓာတ်ပုံလေးတစ်ပုံ ရခဲ့သည်။ ထိုပုံလေးကို မြင်ရသောအခါ စောနန္ဒာခိုင် တစ်ယောက် စိုင်းဝဏ္ဏအပေါ် စိတ်ခုမိသမျှ

ပြန်ပြေပျောက်သွားရသည်။

'စိတ်နာတယ်' ဆိုသော စကားလုံးကို ဒီဘဝတော့ ငါ စာလုံး မပေါင်းတတ်တော့ဘူး ထင်ပါရဲ့ စိုင်းရေ ...။

***

အင်းလေးရေပြင်ရှိ 'ကျွန်းမျောအလံ" ဟုခေါ်သည့် ခရမ်းချဉ်သီး စိုက်ခင်းများဘေးတွင် လှေနှစ်စီးယှဉ်လျက် ထိုးရပ်ထားကြ၏။ ဘေးဘက်တွင်လည်း ဝါးလုံးများ ထိုးထိုးထောင်ထောင်နှင့် တခြား ကျွန်းမျောစိုက်ခင်းများလည်း ရှိနေလေသည်။ ထိုလှေ ၁ စီးပေါ်တွင်ကား စိုင်းဝဏ္ဏ တောင်ကြီးမှာနေသော ညှော့သည် ညီဝမ်းကွဲနှစ်ယောက်နှင့်အတူ စိုင်းအိုက်က မိမိတို့စိုက်ခင်းအတွက် အားကြိုးမာန်တက် လုပ်ဆောင်နေကြခြင်း ဖြစ်သည်။

နောက်ထပ် ... လှေတစ်စီးပေါ်တွင်ကား စိုင်းဝဏ္ဏက ခရမ်းချဉ်သီးစိုက်ခင်းဘေးကို ဝါးခြမ်းပြားများဖြင့် တုပ်နှောင်နေ၏။ အင်းသားတို့သည် ခရမ်းချဉ်းသီး၊ ဘူးသီး၊ သခွားသီး၊ ပဲလင်းမြွေသီး၊ ဖရုံသီး၊ ဂေါ်ရခါးသီး၊ အာလူး စသဖြင့် တစ်နှစ်ပတ်လုံး ရာသီအလိုက် စိုက်ပျိုး လုပ်ကိုင်ကြသော်လည်း အထူးသဖြင့် ခရမ်းချဉ်သီးကိုသာ အများဆုံး စိုက်ပျိုးကြ၏။ ထိုလှေနှစ်စင်းနှင့် မလှမ်းမကမ်းတွင် ဦးခွန်သာနှင့် စောနန္ဒာခိုင်တို့သားအဖ၏ လှေလေး ရပ်ထားသည်။ စောနန္ဒာခိုင်က လှေဦးမှနေ၍ခရမ်းချဉ်သီး အပင်ပေါက်လေးများကို ကျွန်းမျောပေါ်တင်ပြီး စိုက်ပျိုးလိုက်နောက်မှ ဖခင်ဖြစ်သူ ဦးခွန်သာက ထိုခရမ်းချဉ်ပင် ပေါက်လေးများဘေးသို့မှော်ပင်များချလိုက်နှင့် သားအဖနှစ်ယောက် တက်ညီလက်ညီ လုပ်နေကြ၏။

စိုင်းဝဏ္ဏကတော့ လက်တစ်ဖက်က ဝါးခြမ်းပြားကိုကိုင်၊ ပါးစပ်မှ ဝါးနှီးကိုကိုက်ကာ တစ်ယောက်တည်း ခြံခတ်နေသည်။ သူ့အသွင်က ထုံးစံ

အတိုင်း ရှုတည်တည်။ မည်သူနှင့်မျှလည်း စကားအပိုတွေ ပြောသည်မရှိဘဲအလုပ်ကိုသာ အာရုံစိုက်ပြီး လုပ်နေတော့သည်။

ဘေးဘက်လှေထဲမှ စိုင်းအိုက်က လှေအလယ်တွင် ကော်ဇလုံကြီးချကာ ထိုဇလုံထဲသို့ ဓာတ်မြေသြဇာဘူးများ တစ်မျိုးပြီးတစ်မျိုး ဖောက်ထည့်နေပြီး ဘေးမှ သူ့ ညီအစ်ကိုဝမ်းကွဲ လူငယ် (၂) ယောက်က ကူညီပေးသည်။ စိုင်းအိုက်က အင်းထဲမှရေကို ခွက်ဖြင့်ခပ်ကာ ထိုဇလုံထဲ လောင်းထည့်၊ သမအောင်မွှေပြီး ပိုက်ထဲထည့်ကာ ဆေးဖျန်းဖို့ပြင်၏။

ထိုသို့ လုပ်နေကြရင်း ထုံးစံအတိုင်း ယောကျ်ားလေးသဘာဝ စကားပြောကြ၏။ စိုင်းအိုက်၏ ညီဝမ်းကွဲဖြစ်သူ အကြီးကောင်က စပြီး "မနေ့က လှေပြိုင်ပွဲမှာတော့ ကိုစိုင်းဝဏ္ဏတို့အဖွဲ့က အပြတ်အသတ်ပဲနော်။ အဲဒီလို နိုင်အောင် ဘယ်တုန်းကတည်းက ကျိတ်ပြီး လှေကျင့်ထားခဲ့တာလဲ၊ ဟင် .. ကိုစိုင်းဝဏ္ဏ ပြောပြပါဦး"

အကြီးကောင်နှင့် အငယ်ကောင်ဟု ခေါ်ကြသည့် ထိုအမြွှာညီအစ်ကို နှစ်ယောက်သည် စိုင်းအိုက်ဆီသို့ မကြာခဏ လာလည်သဖြင့် စိုင်းဝဏ္ဏနှင့်ပါ သိနေခြင်းပင်။

"ဟုတ်ပ့ါကွာ ... ငါတို့အဖွဲ့မှာ နောက်ကလိုက်ရတာ ခြေထောက်တွေကို ပြုတ်ကျမလားတောင် ထင်ရတယ်။ ကံကောင်းလို့ အမောဆို့ပြီးမသေတာ ..."

စိုင်းအိုက်ကလည်း ညီဖြစ်သူ၏ စကားကို ထောက်ခံရင်း ပြန်ပြောလိုက်သည်။ စိုင်းဝဏ္ဏက ဘာမှပြန်မပြောဘဲ ပြုံးရုံပြုံးနေရင်း သူ့အလုပ်သူ ဆက်လုပ်နေ၏။ စိုင်းအိုက်၏ ညီဖြစ်သူ အငယ်ကောင်က

"ဟာ ... ကိုစိုင်းအိုက်နဲ့တော့ ဘယ်တူပ့ါမလဲ။ ကိုစိုင်းဝဏ္ဏမှာက အားပေးမယ့် အမောပြေလေးတွေက နှစ်ယောက်ကြီးများတောင် ဥစ္စာ။ အဲဒီလို

အားဆေးလေးတွေ ရှိနေမှတော့ ဗိုလ်စွဲတာ ဆန်းသလားဗျာ ... ဟား ... ဟား ..."

အငယ်ကောင်၏ အပြောကြောင့် အကြီးကောင်က နားရှုပ်သွားရင်း

"ဘယ်လိုကွ ... မင်းစကားက တစ်မျိုးပါလား၊ ငါတို့လည်း နားလည်အောင် ရှင်းအောင်ပြောလေကွာ ... မင်းကလည်း"

ဟု ပြန်မေးလိုက်သည်။ သူတို့ ညီအစ်ကိုနှစ်ယောက်နှင့် စိုင်းဝဏ္ဏက သိသော်လည်း နှမရှိသည့်အစ်ကိုပီပီ သူစိမ်းယောကျ်ားလေးတွေနှင့် သိပ်အရောမဝင်။ အိမ်အလည်မခေါ်သလို ခပ်ကြာကြာပင် စကားမပြောချေ။ အငယ်ကောင်က ပြုံးပြီး

"ဩော် ... မနေ့က ကိုစိုင်းဝဏ္ဏကို အပြတ်အားပေးနေတဲ့ ကောင်မလေး ချောချောလေး နှစ်ယောက်ကို မင်းမမြင်ဘူးလား။ အဲဒါလေးတွေက ကိုစိုင်းဝဏ္ဏရဲ့ အမောပြေလေးတွေပေ့ါကွ။ ကိုစိုင်းဝဏ္ဏတို့များ စွံချက် အားကျတယ်ဗျာ"

စိုင်းဝဏ္ဏက ထိုလူငယ်၏အပြောကြောင့် မျက်မှောင်အနည်းငယ် ကုတ်ပြီး ခပ်တည်တည် ဖြစ်သွားသည်ကို စိုင်းအိုက်က သတိထားမိလိုက်၏။ ထို့ကြောင့် စိုင်းဝဏ္ဏ၏ အကြောင်းကို သိသူပီပီ စိုင်းအိုက်က သူ့ညီဝမ်းကွဲနှစ်ယောက်ကို ခပ်ငေါက်ငေါက်လေး ပြောလိုက်သည်။

"ဟေ့ကောင်တွေ ... မင်းတို့ကောင်တွေ ဘာတွေ လျှောက်ပြောနေတာလဲ၊ အဲဒီထဲက တစ်ယောက်က စိုင်းဝဏ္ဏရဲ့ညီမအရင်းကွ ... မင်းတို့ကလည်း ..."

ထိုအခါ လူငယ် ၂ ယောက်ပိုပြီး အူမြူးသွားကြရင်း

"ဟာ ... တကယ်လား၊ ဒါဆို ပိုမိုက်ပြီဗျာ ...။ ဘယ်လိုလဲ ကိုစိုင်းဝဏ္ဏ ကျွန်တော့်ကို ယောက်ဖ မတော်ချင်ဘူးလား။ ဟင် ..."

ထိုအပြောကြောင့် စိုင်းအိုက် မျက်နှာပျက်သွား၏။ ချက်ချင်းပင် စိုင်းဝဏ္ဏက ဒေါသထွက်သွားပြီး ထိုသို့ နောက်ပြောင်သော လူငယ်၏ ရင်ဘတ်ကို ဝုန်းခနဲ ဆောင့်ဆွဲလိုက်ကာ

"ဟေ့ကောင် … မင်းဘာစကားပြောတာလဲ … စော်ကားလှချည်လား နှမ တော့မရဘူး …။ လက်သီးပဲရမယ် … ကဲကွာ …"

စိုင်းဝဏ္ဏက ပြောပြောဆိုဆို ထိုလူငယ်ကို ထိုးချလိုက်၏။ လူငယ်က လှေပေါ်ယိုင်လဲကျသွားရင်း အားလုံး အံ့အားသင့်ကာ စိုင်းဝဏ္ဏကို ကြောင်ငေးကြည့်နေသည်။ နောက်နားဆီမှ ဦးခွန်သာနှင့် စောနန္ဒာခိုင်တို့ ကလည်း အထိတ်တလန့်ဖြင့် လှမ်းကြည့်လိုက်ကြသည်။ စိုင်းဝဏ္ဏက မကျေနပ်သေးဘဲ အပေါ်မှစီးပြီး ထပ်ထိုးဖို့ပြင်တော့မှ စိုင်းအိုက်တို့က ဆွဲထားပြီး

"စိုင်းဝဏ္ဏ … မ … မလုပ်ပါနဲ့ကွာ၊ ငါ့ညီအစား ငါကပဲ ကြားထဲက တောင်းပန်ပါတယ်"

ထိုအချိန်မှာပင် ဦးခွန်သာတို့က လှေကို ခပ်သွက်သွက် လှော်ခတ်လာနေ၏။ စိုင်းဝဏ္ဏက ဒေါသအရှိန် မပြေသေးတာကြောင့် ထိုလူငယ်၏ အင်္ကျီရင်ဘတ်ကို ဆွဲလိုက်ပြီး

"တောက် …. ဒီကောင် … လူပါးဝတယ်"

"မ … မဟုတ်ပါဘူးဗျာ … ကျွန်တော်က ခင်လို့ အပြောင်အပြက် နောက်မိတာပါဗျာ"

"ငါ့ညီမကို အပြောင်အပြက် နောက်စရာလားကွ … ငါကွာ …တောက် …"

စိုင်းဝဏ္ဏက ပြောရင်း ဒေါသထွက်ကာ ထပ်ထိုးဖို့ပြင်လိုက်တော့ ဦးခွန်သာ ရောက်လာပြီး …

"ဟော့ ... ဟော့ ... မောင်စိုင်း တော် ... တော် ... လွန်မယ်၊ လွန်ကုန်မယ်၊ ဦးလေးပြောတာ နားထောင်ပါ၊ ငါ့တူကြီးရယ်"

ဦးခွန်သာက ပြောရင်း သူတို့လှေလေးကို ဘေးချင်းယှဉ်ပြီးဆိုက်၏။ စောနန္ဒာက

"စိုင်း ... ဘာတွေဖြစ်နေတာလဲ .. နင်ကလည်း ဒေါသချည်းပဲ"

ထိုအခါ စိုင်းက လူငယ်၏ရင်ဘတ်ကို ဆွဲထားရာမှ လွှတ်လိုက်ပြီး သူ့လှေပေါ်သို့ ပြန်တက်သွားသည်။ ပြန်တက်သွားရင်း စိုင်းဝဏ္ဏတစ်ယောက် ဒေါသကို အခဲမကျေသလို ...

"ဘာလဲ .... ဒီကောင်လူပါး၀ စကားဘာလို့ပြောလဲ။ ငါ့ကိုများ ယောက်ဖတော်မလားလေး ဘာလေး။ စော်စော်ကားကားနဲ့ ..."

စောနန္ဒာက သက်ပြင်းချလိုက်ပြီး ...

"အဲဒီစကားမှာ နင့်ညီမကို ဘာများ စော်ကားတာပါလို့လဲဟယ်။ နှမရှိတဲ့အစ်ကိုတိုင်း ဒီလိုမျိုး နောက်ပြောင်ခံရမှာပဲ။ ပြီးတော့ နင့်ညီမလည်း တစ်နေ့ အိမ်ထောင်ပြုရမှာပဲဥစ္စာ။ နင့်ညီမရဲ့ခင်ပွန်းကို နင့်ယောက်ဖ တော်ရမှာပဲလေ"

ထိုအပြောကြောင့် စိုင်းဝဏ္ဏတစ်ယောက် ပိုပြီးဒေါသထွက်ကာ မျက်လုံးများ နီရဲသွား၏။

"ဘာ ... တောက်"

သူငယ်ချင်းဖြစ်သူ စောနန္ဒာခိုင်က ပြောသည်မို့ စိုင်းဝဏ္ဏက ဘာပြန်ပြောရမှန်းမသိဘဲ ခါးထောက်ပြီး နန္ဒာ့ကို ကျောခိုင်းလိုက်သည်။ ထို့နောက် ရှူးရှူးရှားရှားနှင့် ပြန်လှည့်လာပြီး လက်ညှိုးထိုးကာ

"ဒီမှာ နင် စောစောက ပြောတဲ့စကားကို နင့်မို့လို့ ငါသည်းခံနေတာသိ

လား နန္ဒာ။ တခြားလူသာဆိုရင် ဒီနားတင် တစ်စစီဆုတ်ဖြဲပစ်လိုက်ပြီ။ မင်းတို့ တစ်သက်လုံးမှတ်ထား၊ ငါ့ညီမနဲ့ပတ်သက်ပြီး ငါ့ကိုဘာမှမနှောက်နဲ့။ ဘယ်သူ့ကိုမှ သည်းမခံဘူး။ မြွေဟောက်ထက် အဆိပ်ပြင်းသွားမယ်၊ နားလည်လား တောက် ...."

စကားလုံးတို့က မိုးခြိမ်းသံကဲ့သို့ ကျယ်လောင်စွာ ပဲ့တင်ထပ်လျက် လျှပ်စီးကဲ့သို့ လျှန်မြန်သောအရှိန်ဖြင့် ... စိုင်းဝဏ္ဏက လှေကို လှော်ခတ်ကာ ထွက်သွားတော့သည်။

ဦးခွန်သာနှင့် စောနန္ဒာတို့ သက်ပြင်းကိုယ်စီချရင်း ဝေးဝေးသွားသော စိုင်းဝဏ္ဏ လှေလေးကို ငေးကြည့်နေမိကြ၏၊

ဦးခွန်သာနှင့် စောနန္ဒာခိုင်တို့က စိုင်းဝဏ္ဏ၏လှေလေးကို ငေးကြည့်နေရာမှ အကြည့်လွှဲကာ စိုင်းအိုက်တို့ဆီ အကြည့်ရောက်လာသည်။ အထိုးခံရသော လူငယ်လေးက ပါးကိုပွတ်ကာ အနည်းငယ် မျက်နှာပျက်နေသည်။ သူ့မျက်လုံးက စိုင်းဝဏ္ဏအပေါ် မကျေနပ်ရိပ်တို့က အထင်းသားမို့ ဦးခွန်သာက လူကြီးပီပီ စိုင်းအိုက်တို့ကို ကြည့်လိုက်ရင်း ...

"အိမ်း ... စိုင်းဝဏ္ဏအစား .... ဦးလေးကပဲ ငါ့တူတို့ကို တောင်းပန်ပါတယ်ကွာ ..."

စောစောက အထိုးခံလိုက်ရသော လူငယ်လေးက ..

"ကျွန်တော်က ဘာစိတ်မှမရှိပါဘူး ဦးလေးရယ် ....။ ကိုယ့်အချင်းချင်း ခင်လို့ မင်လို့ နောက်ပြောမိတာပါဗျာ ... အဲဒါကို ..."

"ဦးလေး နားလည်ပါတယ်။ ဟုတ်တယ် ... စိုင်းဝဏ္ဏက အဲဒီလိုပဲ... သူ့ညီမနဲ့ပတ်သက်ရင် ဆတ်ဆတ်ထိမခံဘူး၊ ညီမကို အင်မတန်ချစ်တဲ့ အစ်ကိုကြီးတစ်ယောက်အဖြစ် စိုင်းဝဏ္ဏရဲ့စိတ်ကို နားလည်ပေးလိုက်ပါ ငါ့တူတို့

ရယ်"

လူငယ်လေး၏ အစ်ကိုအရင်းဖြစ်သူ အကြီးကောင်က အနည်းငယ် မခံချင်စိတ်ဖြစ်သော လေသံဖြင့် ...

"ကိုစိုင်းဝဏ္ဏ ... သူ့ညီမအပေါ် ချစ်လွန်းပုံကြီးကတော့ လွန်လွန်းပါတယ်။ စောစောက ဒီကအစ်မ ပြောသလိုပဲ ... သူ့ညီမလည်း တစ်နေ့ အိမ်ထောင်ပြုမှာပဲ ... အဲဒီအချိန်ဆို သူ ဘယ်လိုလုပ်မလဲ"

ထိုလူငယ်လေး၏ အပြောကြောင့် စောနန္ဒာခိုင်က စိတ်မောစွာဖြင့် သက်ပြင်းချလိုက်မိသည်။ ပြီးမှ ...

"ဟုတ်တယ် ... အဲဒီအချိန်ဆို သူ ဘယ်လိုဖြစ်မလဲ အစ်မဖြင့် မတွေးရဲဘူး။ သူ့ညီမအပေါ် အခုလို သည်းသည်းလှုပ်ချစ်တာ အခုမှမဟုတ်ဘူး၊ ဟိုး ... ငယ်ငယ်ကတည်းက သူ့ညီမကို အနစ်နာခံပြီး ချစ်လာခဲ့တာလေ"

စောနန္ဒာခိုင်၏ စကားအဆုံးတွင် စိုင်းအိုက်တို့ အနည်းငယ် အံ့သြပုံနှင့် ခေါင်းတညိတ်ညိတ် ဖြစ်သွားကြသည်။ ညီမအပေါ် ချစ်နိုင်လွန်းသူ အဖြစ် စိတ်ဆိုးလည်း ပြေသွားကြ၏။

ဦးခွန်သာက

"စိုင်းဝဏ္ဏရဲ့ ညီမအပေါ် ချစ်ပုံမျိုးကတော့ ဦးလေးတစ်သက် မတွေ့ဖူးပေါင်ကွာ ... အဲဒါကြောင့်လည်း ညီမနဲ့ပတ်သက်လာရင် အတ္တတွေ ဒေါသတွေနဲ့ သူ့ခမျာ ပူလောင်နေရှာတာပေ့ါ။ အဲဒီဒေါသအမှောင်တွေက တစ်နေ့ သူ့ရဲ့သိစိတ်ကို ဖုံးမသွားပါစေနဲ့လို့ပဲ ဆုတောင်းရတော့မှာပဲ"

ဟုတ်သည်။ သူတို့ပြောလည်း ပြောချင်စရာပင်။ တကယ်တော့ စိုင်းဝဏ္ဏသည် အများထင်သလို ပေပေတေတေ လူငယ်တစ်ယောက် မဟုတ်ချေ။ သူတို့ ၁၀ တန်းရောက်သည့် နှစ်မှာပင် သူ့မိခင် မုဆိုးမဖြစ်သူ ဒေါ်နန်းခမ်းမွန်

တစ်ယောက် တရိပ်ရိပ်တက်လာသော ကုန်ဈေးနှုန်းကြောင့် သားသမီးနှစ်ယောက်ကို ကျောင်းပြီးဆုံးအောင် ထားဖို့ အခက်အခဲ ဖြစ်လာ၏။ တစ်နေ့ စိုင်းဝဏ္ဏလေး ကျောင်းမှပြန်လာစဉ် ... အိမ်ထဲတွင် ဦးခွန်သာနှင့် မိခင်ဖြစ်သူ ဒေါ်နန်းခမ်းမွန်တို့ စကားထိုင်ပြောနေကြသည်ကို ကြားလိုက်ရသည်။

"စီးပွားရေးတွေကလည်း တစ်နှစ်ထက် တစ်နှစ် ကျပ်တည်းလာလိုက်တာတော်၊ ခရမ်းချဉ်သီးတွေကလည်း ပိုးကျလိုက်တာ ၁၂ ကြိမ်လုံး ရှုံးမှရတဲ့ပိုက်ဆံက မစို့မပို့နဲ့ .... "

"မနန်းရယ် ... နင်တစ်ယောက်တည်း မဟုတ်ပါဘူး။ တို့လည်းအတူတူပါပဲ။ ဒီမိုးတွင်းမှ အဆင်မပြေရင်တော့ ... သမီးလေးစောနန္ဒာကို ကျောင်းထုတ်ရတော့မှာပဲ ..."

ဒေါ်နန်းခမ်းမွန် ညည်းညည်းညူညူလေး ပြောလိုက်သည်။

"ကျုပ်လည်း သား စိုင်းဝဏ္ဏ ၁၀ တန်းအောင်ရင်တောင် တောင်ကြီးတက္ကသိုလ် ပို့ချင်တာ။ အဲဒီအတွက် ငွေဘယ်လိုစုရမလဲတောင် မသိတော့ပါဘူးတော် ..."

"နင်က ကျောင်းသားနှစ်ယောက်တောင် ဆိုတော့ ပိုကျပ်တည်းမှာပေါ့။ ကြာညိုသွယ်ကိုပဲ ကျောင်းထုတ်ပြီး ဈေးကူရောင်းခိုင်းပေါ့"

စိုင်းဝဏ္ဏစိတ်ထဲ နင့်ခနဲ ဖြစ်သွားသည်။ အထဲမှ စကားပြောသံများကြောင့် အထဲမဝင်သေးဘဲ ရပ်နားထောင်နေလိုက်၏။ မိခင်ဖြစ်သူ ဒေါ်နန်းခမ်းမွန်က

"မဖြစ်သေးပါဘူးတော်။ သမီးလေးက မိန်းကလေး ၁၀ တန်းလောက်ထိတော့ ကျောင်းထားပေးချင်တယ်။ သားက ယောကျ်ားလေး အင်းထဲမှာ ဒေါင်ကျကျ ပြားကျကျ လုပ်ကိုင်စားသောက်လို့ ရသေးတယ်။ အိုမဖြစ်ပါ

ဘူး။ သားလေးကိုလည်း ကျောင်းမထွက်စေချင်ဘူး။ သူက စာမကြိုးစားလို့ ဆိုလည်း တစ်မျိုးလေ ... အခုဟာက ..."

စိုင်းဝဏ္ဏက အမေဖြစ်သူအပြောကြောင့် တွေဝေစဉ်းစားသွားရင်း နောက်တစ်နေ့မှာပင် သူ ဆုံးဖြတ်ချက်တစ်ခု ချလိုက်၏။ နောက်တစ်နေ့ ကျောင်းကပြန်လာသည့်အခါ စိုင်းဝဏ္ဏက ဦးခွန်သာနှင့် လူကြုံထည့်ရောင်းခိုင်းဖို့ ခရမ်းချဉ်သီး ရွေးနေသော အမေဖြစ်သူနားသို့ တိုးကပ်ထိုင်လိုက်၏။ ဒေါ်နန်းခမ်းမွန်က ...

"အားလုံး ၂ သေတ္တာလောက်တော့ ရမယ်။ ကြည့်သာ ရောင်းခဲ့တော့တော်။ ကျုပ်ပြောတဲ့ဈေး မရရင်လည်း ရတဲ့ဈေးနဲ့သာ ရောင်းခဲ့ပေတော့။ ကျုပ်ပိုက်ဆံလိုနေလို့ ကိုခွန်သာရေ ..."

***

ထိုစဉ် စိုင်းဝဏ္ဏက လွယ်အိတ်ကို ခပ်တည်တည်ဖြင့် ပစ်ချပြီး

"ကျွန်တော် ကျောင်းမတက်ရတော့ဘူး အမေရယ်။ ကျောင်းမှာ ရန်ဖြစ်လို့တဲ့။ ကျွန်တော့်ကို ကျောင်းထုတ်လိုက်ပြီ"

"ဟဲ့ .. ဟဲ့ .. ဘယ်လို ... ဘယ်လို ... ကျောင်းထုတ်လိုက်ပြီ ဟုတ်လား။ အဲဒီလိုလုပ်လို့ ဘယ်ဖြစ်မလဲ။ ကျောင်းအုပ်ဆရာကြီးကို ငါသွားတောင်းပန်ရမှာပေ့ါ ..."

စိုင်းဝဏ္ဏက စိတ်ရှုပ်သည့် အမူအရာဖြင့်

"ဟာ ... တောင်းပန်မနေပါနဲ့ အမေရယ် .... ကျောင်းထုတ်လိုက် ပိုတောင် ကောင်းသေးတယ်။ ကျွန်တော်ကလည်း အစကတည်းက ကျောင်းသိပ်နေချင်တာ မဟုတ်ဘူး။ စာကျက်ရတာ ပျင်းတယ်ဗျာ ..."

ဦးခွန်သာက ငယ်စဉ်ကပင် ထိန်းကျောင်းလာခဲ့သည့် စိုင်းဝဏ္ဏ၏

အမူအရာကို အကဲခတ်နေ၏။ သားဖြစ်သူ၏ စာကျက်ရတာ ပျင်းတယ် ဟူသော အပြောကြောင့် ဒေါ်နန်းခမ်းမွန် တစ်ယောက် စိတ်ဆိုးသွားပြီး

"အောင်မယ် ... လူကဖြင့် နို့နံ့စင်ရုံရှိသေးတယ်။ သူက ကျောင်းမတက်ချင်ဘူးလေး ဘာလေးနဲ့၊ မိဘအပေါ် မသိတတ်တဲ့ကောင် ကြီးလာတော့ ဆိုးလာတယ်ပေါ့ ဟုတ်လား။ ကဲဟာ ... ကဲဟာ ..."

ဒေါ်နန်းခမ်းမွန်က ကရဏာဒေါသောဖြင့် စိုင်းဝဏ္ဏ၏ ကျောကုန်းကို ရိုက်တော့သည်။ စိုင်းဝဏ္ဏက ဘာမှ ပြန်မပြောဘဲ ခေါင်းငုံ့ခံသည်။ ဒေါ်နန်းခမ်းမွန်က မိဘက ဒီလောက် ကြိုးစားပမ်းစား ကျောင်းထားပေးနေသည်ကို စာကျက်ရတာပျင်းတယ် ဟူသော သားဖြစ်သူ၏အပြောကြောင့် ယူကျုံးမရဖြစ်ရင်းက စိတ်ထိခိုက်ကာ အခန်းထဲသို့ဝင်သွားတော့သည်။

ထိုအခါမှ ဦးခွန်သာက စိုင်းဝဏ္ဏနားသို့ တိုးတိုး ကပ်မေးလိုက်သည်။

"သား ... ရန်ဖြစ်လာတယ် ဟုတ်လား ... ပြစမ်း ဘယ်နား ထိသွားသေးလဲ ..."

ဦးခွန်သာက စိုင်းဝဏ္ဏမျက်နှာတွင် ပေနေသော ဖုန်များကို ပွတ်သုတ်ကြည့်လိုက်သည်။ ဖုန်များသာ ပြောင်သွား၏။ ဒဏ်ရာတော့ လုံးဝမတွေ့ရသဖြင့်အံ့ဩသွားပြီး

"ဟင် ... ဒဏ်ရာလည်းမတွေ့ပါလား သားရဲ့ ..."

ဦးခွန်သာကပြောရင်း အနည်းငယ်ငိုင်နေသော စိုင်းဝဏ္ဏ၏ မျက်နှာရိပ်ကို အကဲခတ်မိသွားသည်။

"သား ... မှန်မှန်ပြောစမ်း ... ကျောင်းမှာ မင်းတကယ် ရန်ဖြစ်လာတာ မဟုတ်ဘူးမလား။ ဟင် .... ဦးလေးကိုပြောစမ်း ..

စိုင်းဝဏ္ဏက ဘာမှပြန်မပြောသေးဘဲ အဝေးကို ငေးကြည့်နေ၏။ မျက်လုံး

ထဲတွင်ကား မျက်ရည်များ ဝိုင်းနေတော့သည်။ ဦးခွန်သာကတော့ စိုင်းဝဏ္ဏ၏ မျက်နှာအရိပ်အကဲကို အကဲခတ်ရင်း တစ်စုံတစ်ရာကို သဘောပေါက်သလို ဖြစ်လာသည်။

"ကျွန်တော် ... ကျွန်တော် ... ဘယ်လိုပြောရမလဲ ... အခြေအနေက အခုလိုပဲ ဖြစ်သွားသင့်တယ် မဟုတ်လား ဦးလေးရယ် ..."

ဦးခွန်သာက စိုင်းဝဏ္ဏအပြောကို သဘောပေါက်သွားဟန်ဖြင့် ခေါင်းကို တဆတ်ဆတ်ညိတ်ပြီး

"ဩော် ... မင်းညီမလေး ကျောင်းဆက်တက်ခွင့်ရဖို့ မင်းက အနစ်နာခံ ကျောင်းထွက်လိုက်တယ် ဆိုပါတော့ ...။ ဟုတ်လား ... မင်းကွာ ...ဖြစ်ရလေ .. ဟင်း ..."

"ဦးလေး .... ဒီကိစ္စကို အမေ့ကို ပြန်မပြောပါဘူးလို့ ကျွန်တော့်ကို ကတိပေးလား ဦးလေးရယ်နော် ... အမေ့ကို ပြန်မပြောပါနဲ့ ...။ အားလုံး စိတ်ဆင်းရဲရမှာစိုးလို့ပါ"

ဦးခွန်သာက စိတ်မကောင်းဟန်ဖြင့် ခေါင်းညိတ်ပြရင်း သက်ပြင်းချလိုက်မိသည်။ ထိုအချိန်မှစပြီး စိုင်းဝဏ္ဏတစ်ယောက် ကျောင်းထွက်ကာ မိခင်ဖြစ်သူနှင့်အတူ မိသားစုအတွက် အလုပ်လုပ်တော့သည်။

မိခင်ဖြစ်သူ၏အမြင်တွင် စိုင်းဝဏ္ဏသည် ချို့ချို့ငဲ့ငဲ့ ကျောင်းထားပေးရသည့် မိဘ၏ အနစ်နာခံမှုကို မျက်ကွယ်ပြုရက်သည့် သားဆိုးတစ်ယောက် ဖြစ်သွားသည်။ သို့သော် စိုင်းဝဏ္ဏဘက်က ကြည့်လျှင်ကော ...။ သူလည်းမမှားပါ။ ထို့ကြောင့် အမှန်တရားသည် လူတိုင်းကို ကိုယ်စားပြုသည်။ လူတစ်ဦးချင်းစီ၏ ခံစားချက်နှင့်ပင် အမှန်တရားကို တိုင်းတာရမည်ဟု ဦးခွန်သာ၏ စိတ်ထဲ အသိတစ်ခုရလိုက်၏။

***

(၂)

## အင်ဒီမီယွန်၏ ဘဝစာမျက်နှာ …၂

ညသည် လရောင်၏ ပွေ့ဖက်ထားခြင်းကို ခံနေရ၏။ မြေပြင်ပေါ်တွင်ကား လူအရိပ်များမှလွဲပြီး လင်းဖြာလှပနေ၏။ ထိုအလင်းရောင် ပြာလဲ့လဲ့လေး ထိုးကျနေသော မြေပြင်ပေါ်တွင် ပြေးနေသော ဖိနပ်မပါသည့် ခြေထောက် တစ်စုံသည် … လေအလျင်ကဲ့သို့ မြန်ဆန်စွာ ရွေ့လျားနေ၏။ ထို ခြေထောက်က သစ်ပင်ချုံနွယ်နှင့် မြက်ပင်များပေါ်နင်းဖြတ်ပြီး ပြေးလိုက် သည့်အခါ အိပ်ပျော်နေသော ထိကရုံးပင်လေးများ သေဆုံးသွားကြသည်။

အနောက်မှ ပြေးလိုက်လာသော လူအုပ်ကြီး၏ ခြေထောက်များသည်ကား ဒေါသအရှိန် လွန်ကဲမှုကြောင့်ထင်သည်။ သူတို့ခြေထောက်များ နင်းလိုက် တိုင်း မြေပြင်သည်ပင် ဖွာလွင့် ပြန့်ကျဲသွားသည်။ သူတို့ပြေးလိုက်ရာ လမ်း တစ်လျှောက် လရောင်ကွယ်ကာ သူတို့လက်ထဲတွင် ကိုင်ထားသည့်မီးတုတ် ဆီမှ နီနီကြင်ကြင် မီးရောင်များသာ လင်းတောက်လျက်…။

ရှေ့မှ သွေးရူးသွေးတန်း ပြေးနေသော လူရွယ်၏ မျက်နှာပေါ်တွင်ကား ကြောက်ရွံ့ခြင်း၊ စိုးရိမ်ခြင်းနှင့် ‘ငါ ပြေးလို့မှ လွတ်ပါတော့မလား ဆိုသည့် ပူပန်သောကများဖြင့် ပြည့်နေ၏။ ထိုအပူတို့ဖြင့် မရဲတရဲ နောက်သို့ လှည့် ကြည့်လိုက်ရာ … ဒေါသဖြင့် တင်းမာခက်ထန်နေသည့် မျက်လုံးနီနီရဲရဲများ ကို မီးတုတ် အလင်းရောင်ဖြင့် ကြောက်မက်ဖွယ် မြင်လိုက်ရသည်။

သူတို့၏ လက်တစ်ဖက်တွင် မီးတုတ်ကိုင်ထားပြီး နောက် လက်တစ်ဖက် တွင် တုတ်ကိုင်သူကကိုင်၊ ဓားရှည်ကိုင်သူက ကိုင်နှင့် သဲသဲမဲမဲ ပြေးလိုက်

နေကြပုံများသည် ငရဲသားများအလား ကြောက်မက်ဖွယ် ကောင်းလှ၏။ သူတို့က ...

"ဟေ့ကောင် ... မကောင်းဆိုးရွားကောင် ... မပြေးနဲ့ ..

"ဟိုဘက်ပြေးသွားပြီ ... လိုက်ဟေ့ ... လိုက်"

"မလွတ်စေနဲ့ ... အဲဒီကောင်ကို မလွတ်စေနဲ့"

"ဘယ်ဘက်က ပန်းပြီးလိုက်ပါဟ ... မိရင်အသေသတ်ကွာ ထိုအသံများကြောင့် ရှေ့ကလူရွယ်သည် သွေးပျက်မတတ် ကြောက်လန့်လာပြီး ဒဏ်ရာရနေသည့် တောကောင်ကဲ့သို့ ခြေလှမ်းကိုမြှင့်ကာ ထပ်ပြေးသည်။ သို့သော် ရွာသားများက လူအုပ်များသဖြင့် လမ်းခွဲပြီး လိုက်ကြရာ နောက်ဆုံး ထိုလူအုပ်ကြီးက ရှေ့က ပြေးနေသည့်လူရွယ်ကို ဝိုင်းမိသွား၏။

ဓားကိုင်ထားသော ရွာသား ၄ ယောက်က ထိုသူ့နားသို့ မရဲတရဲတိုးကပ်လာ၏။ လူရွယ်က ကိုယ်ကိုအနည်းငယ်ကိုင်းထားပြီး တိရစ္ဆာန်တစ်ကောင်ခုန်အုပ်မည့်ပုံစံဖြင့် ဝိုင်းလာသော ရွာသား ၄ ယောက်ကို စူးစူးရဲရဲပြန်ကြည့်နေသည်။

အနားသို့ ရောက်လာခါနီးတွင် လူရွယ်က 'ဂီး' ဟုအော်ကာ ထိုရွာသား ၄ ယောက်ဆီသို့ ခုန်အုပ်မည့်ဟန် ပြင်သဖြင့် ရွာသား ၄ ယောက် ရှေ့ဆက်တိုးမလာရဲဘဲ နောက်ကြောင်း လှည့်ပြေးတော့သည်။

ထို့နောက် မည်သူမျှ အနားမကပ်ရဲ ဝိုင်းကြီးပတ်ပတ် ဖြစ်နေတာကြောင့် လူအုပ်ထဲမှ ဓားကိုင်ထားသည့် ရွာသားတစ်ယောက်က

"ဟာ .. ကြာတယ် ... ဒီကောင့်ကို ဓားနဲ့ ဝိုင်းခုတ်ကွာ"

"သတ် ... သတ် ... မကောင်းဆိုးဝါးကောင်ကို သတ်"

"ကျား ..."

တစ်ယောက်က စ,ပေးလိုက်သည်နှင့် တခြားလူများကလည်း သွေးကြွကာ စောစောက ကြောက်စိတ်များ ပြယ်လွင့်သွားပြန်၏။

ထိုစဉ် ရွာလူကြီးနှင့် အသက် ၅၀ ကျော်အရွယ် ကျောကုန်းတွင် ဘုကြီးရှိနေသည့် ခါးကုန်းလူကြီးတစ်ယောက်တို့ ကမန်းကတန်း ရောက်လာသည်။ ရွာသူကြီးက တောပစ်ထွက်ရာတွင် သုံးသည့် တူမီးသေနတ်ကိုဖောက်လိုက်ပြီး

"ဒိုင်း ..."

"ဟေး ... ဟေး .. ရပ်ကြစမ်း ... အားလုံးရပ်ကြ"

ရွာလူကြီး၏ သေနတ်သံကြောင့် စောစောက သွေးကြွနေသည့် လူအုပ်ကြီး ရပ်သွားသည်။ ရွာလူကြီးနှင့်အတူ ပါလာသည့် ကျောဘုခါးကုန်းကြီးက စောစောက ကြောက်လန့်နေသည့် လူရွယ်နားသို့ သွားကာ ဖက်ထားလိုက်သည်။ ထိုလူက အခုမှ အားကိုးရသွားသည့် ကလေး တစ်ယောက်လို ခါးကုန်းကြီးကို အတင်း ဖက်တွယ်ထား၏။ သူ့လက်များက မြေကြီးထဲ ကုတ်တွယ်ထားသော ညောင်ပင်အမြစ်များကဲ့သို့ မြဲမြဲလှသည်။ ရွာလူကြီးက

"ဒီမှာ ဦးလူအောင် ... ခင်ဗျားတို့ တူဝရီးတွေကို ကျုပ်တို့ရွာက အလိုမရှိတော့ဘူး ဆိုတာ ခင်ဗျားမျက်မြင်ပဲ။ အခုရွာသားတွေ တော်တော် ဒေါသထွက်နေကြတယ်။ ဒီတစ်ခါပဲ ကျုပ် သူတို့ကို တားလို့ရမယ်။ နောက်တစ်ခါဆိုရင် ခင်ဗျားတူရဲ့ အသက်ကို ကျုပ် အာမ မခံနိုင်တော့ဘူး။ ဒီတော့ ခင်ဗျားတို့ အသိစိတ်ဓာတ်နဲ့ ခင်ဗျားတို့ဘာသာ ဒီရွာကထွက်သွားပါ။ ဒါပဲ... မနက် အရဏ်တက်တာနဲ့ ခင်ဗျားတို့မျက်နှာကို ကျုပ်တို့တစ်ရွာလုံး မကြည့်ချင်တော့ဘူး"

ရွာလူကြီး စကားအဆုံးတွင် ... ရွာသားများကလည်း လက်သီး

လက်မောင်း တန်းကာ ...

"ဟုတ်တယ် ... ဟုတ်တယ် ..... အခုထွက်သွား ... အခုထွက်သွား ခင်ဗျား တို့ရှိတာ ... ရှာနာတယ်"

ဟု တက်ညီလက်ညီ အော်ဟစ်ကြတော့သည်။

ခါးကုန်းကြီးတို့ တူဝရီးက ထိုလူအုပ်ကြီးကို မရဲတရဲ ကြည့်လိုက်မိကြ ရင်းက ခေါင်းမဖော်ရဲသလို သိမ်ငယ်စွာဖြင့် ခေါင်းငိုက်စိုက် ကျသွား တော့သည်။ ရှာလူကြီးက ...

"ကဲ ... အားလုံးပဲ ကိုယ့်အိမ်ကိုယ်ပြန်ကြတော့"

ဟု အမိန့်ပေးလိုက်တာကြောင့် စောစောက ဆူနေသည့် ရွာသားများက မီးကို ရေနှင့်ငြိမ်းသလို တောက်လောင်မှုတွေက ဟုပ်ခနဲ ငြိမ်ကျသွား၏။ ရွာသားများက အလျှိုလျှို လှည့်ပြန်သွားကြတော့သည်။ တချို့ကလည်း မ ကျေနပ်သည့်စိတ်ကို တတ်နိုင်သလောက် ဖောက်ခွဲရန် ... ခဲများ မြေကြီး များဖြင့် ခါးကုန်းကြီးတို့ တူဝရီးဆီကို ပစ်ပေါက်သွားကြ၏။ လူအုပ်ကြီးမှာ တဖြည်းဖြည်း ကျဲသွားသည်။

အရှေ့ဘက် မိုးကောင်းကင်တွင်ကား လရောင်ပျောက်ပြီး နေရောင်ခြည် သည် မွေးဖွားခါစ ကလေးငယ်တစ်ယောက်၏ မျက်နှာလေးကဲ့သို့နီမြန်း လာနေလေပြီတည်း ...

***

နန်းခမ်းကြာညိုသွယ်၏ ပိုးကိုက်ထားသော ဘဝစာမျက်နှာ ... ၁

ခေါင်တိုင် ဟူပင်ဟိုတယ်

ပြာသာဒ်နန်းအဆင့် အထပ်ထပ်နှင့် အမည်းနှင့် နီညိုရောင်စပ်ကြား ဟူ ပင်သည် မြို့ပြနှင့်မတူ ခမ်းနားစွာ ဣန္ဒြေကြီးနေ၏။ အင်းထဲကနေ ကြည့်

ကြည့်၊ သို့မဟုတ် ဟိုတယ်ထဲကပင် အင်းလေးကို လှမ်းကြည့်ကြည့် လှပသည် ဆိုသည်ထက် ဖွဲ့နွဲ့ပြစရာ စကားလုံးတို့ ရှားပါးလွန်းသော ဟူပင်သည် အင်းလေးဒေသတွင်တော့ နာမည်ကြီး ဟိုတယ်တစ်ခု ဖြစ်သည်။ နိုင်ငံခြား ဧည့်သည် အရောက်အပေါက် များသကဲ့သို့ ပြည်တွင်း ဧည့်သည်များနှင့်ပါ စည်ကားလွန်းသော ထိုဟိုတယ်တွင် နန်းခမ်းကြာညိုသွယ် အဖို့ အလုပ်လုပ်ရခြင်းသည် ကုသိုလ်ကံ ထူးလှသည်ဟု ဆိုရမည်ပင်။

ရှမ်းရိုးရာအစားအစာများ စုံစုံလင်လင်ရသည့်အပြင်၊ ကြာဖက်ထမင်းနှင့် အင်းဟင်းမျိုးစုံပါ ရတာကြောင့် စားသုံးသူများဖြင့် အမြဲပြည့်လျက်ရှိသည်။ အေးချမ်းသော ညရောင်အောက်တွင် အင်းလေးရိုးရာ သံစဉ်များကို နားထောင်ရင်း ဟိုတယ်မြက်ခင်းပြင်တွင် ဧည့်သည်များဖြင့် အမြဲ စည်ကားနေသည်မို့ နန်းခမ်းကြာညိုသွယ်တို့ သူငယ်ချင်း နှစ်ယောက် ပိုပြီး ကျေနပ်မိသည်။

ထိုစားပွဲဝိုင်းများ၏ ရှေ့တွင်ကား စင်တစ်ခုရှိ၏။ ဧည့်သည်များက အစားအသောက်များကို စားရင်း ထိုစင်ရှိရာဆီသို့ မကြာခဏ အကြည့်ရောက်ကြသည်။ တစ်စုံတစ်ခုကို မျှော်လင့်နေဟန်က အထင်းသား ဖြစ်နေတာကြောင့် နန်းခမ်းကြာညိုသွယ်က ကျေနပ်စွာ ပြုံးလိုက်မိသည်။

ထိုစဉ် ကြေညာသံတစ်ခု ထွက်ပေါ်လာ၏။

"ခေါင်တိုင်ဟိုတယ်ရဲ့ ဧည့်သည်တော်များရှင် ... မကြာခင် အချိန်အတွင်းမှာ ကျွန်မတို့ နာမည်ကျော် ရှမ်းရိုးရာအက တစ်ခုဖြစ်တဲ့ ကိန္နရီကိန္နရာ အကနဲ့ ဖျော်ဖြေ တင်ဆက်တော့မှာမို့ ရှုစားအားပေးကြပါဦးရှင် ..."

ဝင်းခနဲလက်သွားသော မျက်လုံးများဖြင့် ဧည့်သည်များအားလုံးက စင်မြင့်ဆီသို့ အာရုံစိုက်လိုက်ကြသည်။ ထိုစဉ် စင်ပေါ်မှ မီးများအားလုံး မှိန်သွားပြီး ကားလိပ်က တဖြည်းဖြည်း အပေါ်သို့ တက်သွား၏။ ကားလိပ်စ

အပေါ်သို့ တက်သွားသည်နှင့် ရွှေရောင်အတောင်ပံ တဖျပ်ဖျပ်ခတ်ကာ ကချေသည် နှစ်ယောက် အမှောင်ထဲတွင် ဘွားခနဲ ပေါ်ထွက်လာတော့သည်။ ထိုသူနှစ်ယောက်မှာ တခြားမဟုတ်။ နန်းခမ်းကြာညိုသွယ်နှင့် စောနန္ဒာခိုင်တို့ပင်။ ဧည့်သည်များ အားလုံးက လက်ခုပ်ဝိုင်းတီးလိုက်ကြ၏။

"ဖြောင်း … ဖြောင်း … ဖြောင်း …"

နန်းခမ်းကြာညိုသွယ်နှင့် စောနန္ဒာခိုင်တို့ ကိန္နရာအကဖြင့် ဖျော်ဖြေတင်ဆက်နေပုံမှာ ပျော့ပျောင်း နွဲ့နှောင်းလွန်းစွာ ခြေအလှမ်းအကွေ့၊ တောင်ပံခတ်သည့်ဟန် လှပညက်သော အသက်ဝင်မှု၊ တီးလုံးတီးကွက်အလိုက် အတွဲညီညီ အပေးအယူမျှမျှ ကပြဟန်တို့ကြောင့် ကြည့်ရှုနေသည့် ဧည့်သည်များ သဘောကျနေပြီး မျက်တောင်မခတ်တမ်း စိုက်ငေး ကြည့်နေကြတော့သည်။

သီချင်းဆုံးသောအခါ ပရိသတ်ဧည့်သည်များက ကျေနပ်နှစ်သိမ့်စွာ လက်ခုပ်တီး အားပေးနေကြတာကြောင့် ကြာညိုနှင့် စောနန္ဒာတို့မှာ အကျေနပ်ကြီး ကျေနပ် နေမိကြတော့သည်။ လူဆိုသည်မှာ ကိုယ်ဝါသနာပါသည့် အလုပ်လေးဖြင့် အသက်မွေးရသည်မှာ ထူးကဲလှသည့် ကုသိုလ်ဟုသာ ကြာညိုက တင်စားချင်တော့သည်။

ထို့နောက် နန်းခမ်းကြာညိုသွယ်နှင့် စောနန္ဒာခိုင်တို့ ပရိသတ်များကို ခန္ဓာကိုယ် ညွတ်လျက်ကန်တော့စဉ် ကားလိပ်စက တဖြည်းဖြည်း ကျသွား၏ ထိုနေ့ညမှာပင် မန်နေဂျာ၏ ချီးကျူးစကားနှင့်အတူ အနုပညာကြေး တိုးမြှင့်ပေးထားသည့် စာအိတ်လေး တစ်ယောက် တစ်အိတ်ကို ကိုင်ကာ ကြာညိုတို့ အိမ်အပြန်လမ်းသည် ကြယ်ရောင်များ အောက်တွင် အပြုံးပွင့်တို့ဖြင့် စိုလက်နေ၏။ အချိန်ကား ည ၁၁ နာရီခန့် ရှိနေလေပြီ။

***

နေ့လယ်ခင်းမို့ နေသည် ကျောက်ခွဲမတတ် ပူနေ၏။ အင်းရေပြင်သည်လည်း နေ့လယ်ခင်း အချိန်မို့ လူအသွားအလာ နည်းသည်ထင်သည်။ ရေပြင်သည် မှန်တစ်ချပ်ကဲ့သို့ ငြိမ်သက်ကြည်လင်နေ၏။ ခပ်ဝေးဝေးတွင် ချွန်ပြီးသား ခဲတံလေးများ လှဲလျောင်း ချထားသကဲ့သို့ တံငါလှေ တစ်စီးစ နှစ်စီးစကိုတော့ လှမ်းမြင်နေရသည်။ ရှမ်းတောင်တန်းများကတော့ ထုံးစံမပျက် မှိုင်းညို့ရီဝေလျက် ...။

အင်း အိမ်လေးတစ်လုံးထဲတွင်ကား စိုင်းဝဏ္ဏနှင့်အတူ မိခင်ဖြစ်သူ ဒေါ်နန်းခမ်းမွန်တို့အတူ ထိုင်နေကြသည်။ စိုင်းဝဏ္ဏက ပါးစပ်ထဲတွင် ဝါးထားသည့် ကွမ်းယာမှ ကွမ်းသွေးများကို အနီးရှိ ထွေးခံထဲသို့ ထွေးလိုက်သည်။ ပြီးနောက် သူက ကွမ်းညှပ်ဖြင့် ကွမ်းသီးခြမ်းလေးကို နှစ်ပိုင်း ပိုင်းလိုက်ပြီး ဘေးတွင်ချထားသော ကွမ်းအစ်ထဲမှ ကွမ်းရွက်ကိုထုတ်ကာ ထုံးသုတ်ပြီး စောစောက ညှပ်ထားသော ကွမ်းသီးစိပ်လေးများကို ထည့်၍ ကွမ်းယာ ယာလိုက်သည်။ ထို့နောက် မိခင်ဖြစ်သူထံသို့ ကမ်းပေးလိုက်၏။

မိခင်ဖြစ်သူ ဒေါ်နန်းခမ်းမွန်က သားဖြစ်သူ စိုင်းဝဏ္ဏ လှမ်းပေးသော ကွမ်းယာကို ပါးစပ်ထဲ ငုံထားလိုက်ရင်းက စကား စပြောသည်။

"သားရဲ့ ခရမ်းချဉ်သီးစိုက်ခင်းက ဘယ့်နှယ်နေလဲ ... ပိုးတွေဘာတွေရော ကျသေးလား ..."

မိခင်ဖြစ်သူ၏ အမေးကြောင့် စိုင်းဝဏ္ဏက ထိုင်လျက်သားနှင့် ပုဆိုးကို ဒူးအထိ ရောက်လုနီးအောင် ပင့်တင်လိုက်ပြီး ..

"အမေရယ် ... အသီးခူးပြီးပြီဆိုတော့ ပိုးတော့ နည်းနည်းကျတာပေါ့။ နွားပင့်ကူကျလိုက် ပိုးဖလံကျလိုက်။ ရောဂါပိုး အမည်တွေကတော့စုံရော ... စုံရော

ဒေါ်နန်းခမ်းမွန်က သားဖြစ်သူ၏ အပြောကြောင့် ထိတ်ထိတ်ပျာပျာနှင့် ခေါင်းလေးကို ရှေ့သို့ငိုက်ကာ မေးလိုက်၏။

"အဲ ..... အဲဒီတော့ ... ဘယ်လိုလုပ်ကြမတုံး"

"ပိုးသတ်ဆေးပဲ အားကိုးနေရတာပဲ။ ဒီကောင်တွေက တစ်နေရာထဲရှိတာ မဟုတ်ဘူး၊ နေရာအနှံ့ရှိတာဆိုတော့ တစ်ခင်းလုံး ဖျန်းရတာပေါ့"

ဒေါ်နန်းခမ်းမွန်က ဘေးတွင်ချထားသော ကွမ်းတံတွေးခွက်လေးထဲ ကွမ်းသွေးများကို ထွေးပြီး ဆက်ပြောသည်။

"အေးပါ ... သားရယ်။ မြေအောက်ဆေးချရင်တော့ ကြည့်ချနော်၊ နေတအားပူရင် မလုပ်နဲ့။ တစ်လောက ပေါင်ဒွေးတောင် နေ့လယ်ခင်းကြီးသူတို့ ခရမ်းချဉ်ခင်းထဲ မြေအောက်ဆေးချတာ အနံ့ တအားပြင်းတော့ မူးမိုက်ပြီး ဆေးခန်း ရောက်သွားသေးတယ်။ သားလည်း ဂရုစိုက်နော်"

"စိတ်ချပါ ... အမေရဲ့"

ထိုစဉ် နန်းခမ်းကြာညိုသွယ်က ငါးမုတ်ကြော် ပန်းကန်လေးကိုင်ကာ အမေနှင့်အစ်ကိုနားသို့ လာထိုင်ပြီး ရှေ့တွင်ချပေးလိုက်၏။ ပြီးနောက် ညာဘက် စင်ပုလေးပေါ်တွင် တင်ထားသော ဗလာစာအုပ်လေးကို လှမ်းယူလိုက်ပြီး စာအုပ်ကြားထဲတွင် ညှပ်ထားသည့် ပိုက်ဆံအထပ်လေးထဲမှ တစ်ဝက်ကိုခွဲကာ အမေဖြစ်သူ၏ ရှေ့သို့ ကမ်းပေးလိုက်ရင်း ..

"အမေ ... ဒါ ... သမီး ကိန္နရာကလို့ ရလာတဲ့ အနုပညာကြေးပါအမေ။ ဒီပိုက်ဆံလေးနဲ့ အမေ့ကို သမီး ကန်တော့ပါတယ်"

နန်းခမ်းကြာညိုသွယ်က ပြောပြီး အမေဖြစ်သူကို ကန်တော့လိုက်၏။ အမေဖြစ်သူ ကြည်ကြည်နူးနူး ပြုံးရင်း ခေါင်းလေး တဆတ်ဆတ်ညိတ်ကာ...

"သာဓု ... သာဓု ... သာဓု ... ငါ့သမီးလေး ဘုန်းကြီးလို့ သက်ရှည်ပါစေ

ကွယ်"

နန်းခမ်းကြာညိုသွယ်က အမေဖြစ်သူကို တစ်ချက်ပြုံးပြလိုက်ပြီး စောစောက စင်လေးဘေးတွင် ထားသော သေတ္တာဘူးလေးကို လှမ်းယူလိုက်သည်။ သေတ္တာထဲတွင် ဘဏ်စာအုပ်နှင့် ငွေစက္ကူ တချို့ ရှိနေ၏။

စောစောကကျန်သော ပိုက်ဆံတစ်ဝက်ကို ထိုသေတ္တာလေးထဲသို့ တစ်ရွက်ချင်း ထည့်လိုက်၏။ ညီမဖြစ်သူ၏ အပြုအမူကို အစ်ကိုဖြစ်သူက မျက်တောင်မခတ်တမ်း စိုက်ကြည့်နေ၏။ နန်းခမ်းကြာညိုသွယ်က ပိုက်ဆံရွက်လေးများ အားလုံး ထည့်ပြီးနောက် ဘဏ်စာအုပ်ထဲရှိ စုငွေနှင့် ငွေစက္ကူတန်ဖိုးကို စိတ်တွက်ဖြင့် ပေါင်းကြည့်ရင်း ကြည်ကြည်နူးနူး ပြုံးနေလေသည်။

ထိုအပြုအမူကို မြင်တော့ အစ်ကိုဖြစ်သူ စိုင်းဝဏ္ဏက အံ့ဩတကြီး မေးလိုက်၏။

"ညီမလေးက ဘဏ်စာအုပ်တွေ ဘာတွေနဲ့ပါလား ... ဘာဖြစ်လို့ ...ပိုက်ဆံတွေ စုနေတာလဲ။ ဘာဝယ်မလို့လဲ ညီမလေး"

နန်းခမ်းကြာညိုသွယ်က အစ်ကိုဖြစ်သူကို ကြည့်လိုက်ရင်းက

"ညီမလေး သီချင်း Album သွင်းပြီး အခွေထုတ်ချင်လို့အစ်ကို။ အဲဒါကြောင့် ပိုက်ဆံစုနေတာ။ အစ်ကိုသိတဲ့အတိုင်းပဲလေ ... ခုခေတ်က အဆိုတော်သစ်တစ်ယောက် ဆိုရင် ဘယ်သူကမှ ပိုက်ဆံစိုက်ထုတ်ပြီး အခွေထုတ်ပေးမှာမဟုတ်ဘူး၊ ကိုယ်ဖြစ်ချင်ရင် ကိုယ့်ဘာသာ စိုက်ထုတ်ရတာ"

စိုင်းဝဏ္ဏက တွေတွေငေးငေး ဖြစ်သွားပြီးမှ ညီမဖြစ်သူကို စိုက်ကြည့်လိုက်ရင်း

"ညီမလေး ငယ်ငယ်တုန်းက ဂစ်တာတီးသင်တော့ လူငယ်သဘာဝ ဆိုချင်တီးချင်ရုံပဲလို့ အစ်ကိုက ထင်ထားတာ။ ဩော် ... ခုတော့ ညီမလေးက တကယ်ပဲ အဆိုတော်တစ်ယောက် ဖြစ်ချင်နေတာကိုး ... ဟုတ်လား ..."

"ဖြစ်ချင်တာပေါ့ အစ်ကိုရဲ့ ... ဘယ့်နှယ် ပြောလိုက်ပါလိမ့်၊ အဲဒါ ညီမလေးရဲ့ မျှော်လင့်ချက်ဆိုတာ အစ်ကို တကယ်မသိဘူးလားဟင် ..။ ဟွန်း ပြောတော့ဖြင့် ညီမလေးကို ချစ်တယ် ... ချစ်တယ်နဲ့ ..."

ညီမဖြစ်သူ၏ အပြောကြောင့် စိုင်းဝဏ္ဏ မျက်မှောင်ကုတ်ကာ တွေဝေငေးငိုင်သွား၏။ သူ့မျက်လုံးတို့က တစ်စုံတစ်ခုကို အားမလိုအားမရ ဖြစ်စွာဖြင့် မှိုင်ကျသွားသည်။

"အစ်ကို့စိတ်ထဲမှာတော့ ညီမလေးကို နို့နံ့တောင်မစင်သေးတဲ့ ကလေးအရွယ်ပဲ ရှိသေးတယ်လို့ အောက်မေ့နေတာကိုး ... အင်းလေ ... ဘာပဲဖြစ်ဖြစ် အစ်ကို အတတ်နိုင်ဆုံး ပံ့ပိုးပေးပါ့မယ် ညီမလေးရယ်"

စိုင်းဝဏ္ဏတစ်ယောက် စိတ်ကူးထဲကနေ ညီမဖြစ်သူကို ကတိတွေပေးနေမိသည်။

***

မင်းနောင်ရိုး၏ ဆုတ်ဖြဲခံထားရသော ဘဝစာမျက်နှာများ ... ၁

အလင်းရောင်သည် ပုခက်တွင်းမှာပင် ရှိသေးသည်။ တကယ်မရှိဘဲ ရှိသယောင် သဘာဝက ဖန်ဆင်းပေးထားသည့် မိုးကုပ်စက်ဝိုင်းတွင် အမှောင်နှင့်အလင်းတို့ စစ်ခင်းနေကြ၏။

အချိန်တန်လျှင် ဖယ်ပေးရမည်ကို မသိချင်ဟန်ဆောင်ကာ အမှောင်မိုးတိမ်ကို အကူအညီယူပြီး အင်အားဖြည့်ဖို့ ကြိုးစားနေသေး၏။ ဒါသည်ပင်လျှင် လောကကြီး၏ လူ့စရိုက်တစ်ခုပင် မဟုတ်ပါလား ...။

အိမ်ပြောင်းပစ္စည်း ပရိဘောဂများ တင်ဆောင်လာသော သုံးဘီးဆိုင်ကယ်တစ်စီးက နမ့်ဟူးရွာ အနောက်ဘက်ထိပ်က အိမ်မည်းကြီးတစ်လုံး၏ရှေ့တွင် ရပ်လိုက်သည်။ ထိုအိမ်ကြီးသည် လူမနေသည်မှာ ကြာလှပြီ။ လူမနေသော်လည်း အိမ်အိုအိမ်ဟောင်း မဟုတ်ဘဲ ကျွန်းသစ်များနှင့် ဆောက်လုပ် ထားတာကြောင့် အပျက်အစီးဟူ၍ မရှိဘဲ ရေနံရောင် ဝနေတော့သည်။

ထိုကားပေါ်မှ အသက် ၂၅ နှစ်အရွယ် လူငယ်တစ်ယောက်နှင့် ကျောတွင် ဘုကြီးရှိနေသည့် အသက် ၅၀ ကျော်အရွယ် လူကြီးတို့ ဆင်းလာကြသည်။ ထိုသူတို့မှာ မင်းနောင်ရိုးနှင့် ဦးလူအောင် ဆိုသော တူဝရီးနှစ်ယောက်ပင် ဖြစ်သည်။ ပရိဘောဂပစ္စည်းများ၏ အပေါ်ဆုံးတွင်ကား ကြီးမားပြီး ထူးဆန်းသော အိတ်ကြီးတစ်လုံးလည်း ပါလာသည်။ ခါးကုန်းကြီး ဦးလူအောင်က သူ့မျက်လုံးများဖြင့် တစ်စုံတစ်ခုကို ရှာဖွေဟန်သည် သူ့အသက်အရွယ်နှင့် မလိုက် တင်းမာ စူးရှလွန်းသည်။ အသားကမည်းမည်း၊ မျက်နှာတွင် ကျောက်ပေါက်မာ အနည်းငယ်ရှိပြီး လူကောင်ကလည်း ထွားလှသည်မို့ သူ့ပုံစံသည် လူဆိုသည်ထက် မကောင်းဆိုးရွား တစ်ကောင်နှင့်သာ တူနေတော့သည်။

မင်းနောင်ရိုးနှင့် ဦးလူအောင်တို့က ထိုကားပေါ်မှ ပစ္စည်းများကို ချဖို့ ပြင်ဆင်နေရင်း မင်းနောင်ရိုးက

"လေးလေး ... ပစ္စည်းတွေ သယ်ချဖို့ ရွာထဲက အလုပ်သမား တစ်ယောက်ယောက် သွားခေါ်လိုက်မယ်လေ။ လေးလေးက ခရီးပန်းလာတယ် ဆိုတော့ နားနေပေါ့"

ဦးလူအောင်က မင်းနောင်ရိုး၏ အပြောကို မနှစ်မြို့ဟန်ဖြင့် မျက်မှောင်ကို ကုတ် ခေါင်းကို ခါယမ်းကာပြောလိုက်၏။

"ဟာ ... ရှုပ်ရှုပ်ယှက်ယှက် ဘယ်သူနဲ့မှ မပတ်သက်စမ်းပါနဲ့ကွာ.....။ မင်းနဲ့ငါပဲ သယ်ချမယ်။ လုပ် ... လုပ် ... မြန်မြန် ... တော်ကြာ တခြားလူတွေ ငါတို့ကို သတိထားမိသွားဦးမယ်"

ဦးလူအောင် အပြောကြောင့် မင်းနောင်ရိုးက ဘာစကားမှ ဆက်ပြီး အထွန့်မတက်တော့ဘဲ သုံးဘီးဆိုင်ကယ်ပေါ်မှ ပစ္စည်းများကိုသာ ချဖို့ပြင်တော့၏။ အဝတ်အိတ်တစ်လုံး ကားပေါ်မှ ချအပြီးတွင် မနက်စောစော ဈေးဝယ်ထွက်လာသော အမျိုးသမီးတစ်ယောက် သူတို့အနားသို့ ရောက်လာ၏။

ထိုအမျိုးသမီးမှာ တခြားလူမဟုတ်၊ စာေနန္ဒာခိုင်၏ အဒေါ်ဖြစ်သူ ဒေါ်ငွေးပင်ဖြစ်သည်။ ဒေါ်ငွေးက ဈေးဝယ်ဖို့ လှေဖြင့်လှော်ခတ်လာစဉ် အိမ်မည်းကြီးရှေ့တွင် ပစ္စည်းအပြည့် တင်ထားသော သုံးဘီးတစ်စီးကို တွေ့တာကြောင့် လှေကို အသာရပ်ပြီး တက်လာခြင်းဖြစ်သည်။

ဒေါ်ငွေးက စပ်စုစူးစမ်းလိုသည့် အကြည့်ဖြင့် မင်းနောင်ရိုးတို့ကို တစ်လှည့်၊ ကားပေါ်မှပစ္စည်းများကို တစ်လှည့်ကြည့်နေ၏။ ဦးလူအောင်က ပစ္စည်းပုံနှင့် ကွယ်နေသဖြင့် ဒေါ်ငွေးကို အခုထိ သတိမထားမိသေးချေ။

ဒေါ်ငွေးက မင်းနောင်ရိုးကို ရယ်ပြလိုက်ရင်း

"ဟောဒီက ငါ့တူတို့က အိမ်ပြောင်းလာကြတာ ထင်တယ်နော်"

မင်းနောင်ရိုးက ဖော်ဖော်ရွှေရွှေ ပြန်ရယ်လိုက်ရင်း ပြန်ဖြေသည်။

"ဟုတ်ပါတယ်ခင်ဗျ။ အခုမှ ရောက်တာပါ"

မင်းနောင်ရိုး၏ အသံကိုကြားလိုက်မှ ဦးလူအောင်လည်း ဒေါ်ငွေးကို သတိထားမိလိုက်ပြီး မျက်မှောင်ကို အနည်းငယ်ကုတ်လိုက်မိ၏။

"ဟယ် .... ဟုတ်လား။ အိမ်သားက ဘယ်နှယောက်တောင်တုံး... ပစ္စည်းတွေကတော့ အများကြီးပဲနော်၊ သယ်ချလို့ဖြစ်ရဲ့လား။ ဘာ အကူအညီပေးရ

မလဲ။ ရွာထဲက ကောင်လေးတွေ ခေါ်ပေးရမလားဟင်"

မင်းနောင်ရိုးက အားတုံ့အားနာဖြစ်သွားရင်းက

"ဟို ... ရတယ် ... အဒေါ် ... ကျွန်တော် ကိုယ့်ဘာသာပဲ သယ်ချတော့မယ်။ ကျေးဇူးပါ .."

"ဘာလဲ ...... အားနာလို့လား ... အမယ်လေး ... ဘာမှ အားနာစရာမလိုဘူး။ ဒီရွာကို ပြောင်းလာတယ် ဆိုရင် အားလုံးက ဆွေတွေမျိုးတွေလိုပဲ သဘောထားကြတာ။ ကဲ ... ကဲ ... အဒေါ် သွားခေါ်လိုက်မယ်နော်"

မင်းနောင်ရိုးက ဒေါ်ငွေးအပြောကြောင့် အားနာသွားမိရင်းက ဦးလေးဖြစ်သူ ဦးလူအောင်ကို တစ်ချက်ကြည့်လိုက်၏။ ဦးလူအောင်က မျက်နှာထားကို တင်းလိုက်ရင်းက -

"ရတယ် .... ရတယ် ... ဘယ်သူမှ ခေါ်စရာမလိုဘူး၊ ဘယ်သူနဲ့မှလည်း မပတ်သက်ချင်ဘူး၊ ကျေးဇူးတင်တယ် ဟုတ်ပြီလား ... ကဲ .. မင်းနောင်ရိုး ယူ ... ယူ ... အိက်တွေဆွဲ အိမ်ထဲဝင်ရအောင်"

ဦးလူအောင်က စကားကို ခပ်တင်းတင်းပြောပြီး အိတ်နှစ်လုံးကို ဘယ်ညာဆွဲပြီး အိမ်ထဲသို့ဝင်ဖို့ ခြေလှမ်းပြင်လိုက်၏။ မင်းနောင်ရိုးလည်း တစ်ဖက်မှ အမျိုးသမီးကြီးကို အားနာပေမဲ့ လေးလေးကို ကြောက်တာကြောင့် ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိဘဲ အိတ်နှစ်လုံးကိုဆွဲကာ နောက်မှ ခပ်သုတ်သုတ် လိုက်သွားရတော့၏။

ဒေါ်ငွေးကတော့ အံ့သြခြင်း၊ နားမလည်ခြင်း၊ သိချင်စိတ်ပြင်းပြခြင်း တွေနှင့် မျက်မှောင်ကုတ် စဉ်းစားရင်း ကျန်နေခဲ့သည်။

***

မနက်ခင်းနေရောင်ခြည်သည် အင်းရေပြင်တစ်ခုလုံး ဖြာကျနေ၏။ ခပ်

ဝေးဝေးက လှမ်းကြည့်မည်ဆိုလျှင် အင်းရေပြင်ထဲရှိ အိမ်များမှာ ကျွန်းမျော များပေါ်တွင် ဆောက်ထားသကဲ့သို့ တွေ့ရ၏။ တကယ်တော့ ထိုသို့မဟုတ်။ ဆောက်ထားသည့် အိမ်အောက်သို့ ဗေဒါ၊ အမှိုက်၊ မှော်၊ ဒိုက်နှင့် ရွှံ့များ ဖို့ ပက်ပေးခြင်းဖြင့် ရေအောက်ရှိမြေသားနှင့် တဖြည်းဖြည်း ထိတွေ့ဆက်စပ် သွားသည်။ ထိုအခါ အောက်ခြေတွင် ကုန်းမြေများ ပြည့်မောက်လာတာ ကြောင့် ထိုသို့တွေ့ ရခြင်းဖြစ်သည်။ နံနက်ခင်း နေရောင်ခြည် အလင်းရောင် ဝင်လာသည်နှင့် ဈေးသွားဈေးလာလှေများ၊ ငါးဖမ်းမြှုံး ထောင်သည့် လှေများဖြင့် အင်းရေပြင်ထဲ စည်ကားလာ၏။ ဥဒဟိုသွားလာ နေကြသည့် အင်းသားအခေါ် အင်းသီးဟုခေါ်ကြသော ခရမ်းချဉ်သီးအပြည့် တင် လှေငယ်လေးများပေါ်သို့ နေရောင်ထိုးသည့်အခါ ခရမ်းချဉ်သီး အရောင်သည် ပတ္တမြားရောင် တောက်ပလျက် နီရဲနေ၏။ တချို့အသီးများ ကတော့ စိမ်းဖန့်ဖန့်သာ ရှိသေးသည်မို့ ကျောက်စိမ်းရောင် လင်းနေသည်။

ညမှ အလုပ်သွားရမည်ဖြစ်သော နန်းခမ်းကြာညိုသွယ်ကတော့ အိမ်ရှေ့ ရေစပ်တံတားတွင် တဘက်လေး ပခုံးပေါ်လွှားတင်ကာ တစ်ဖက်က ထမင်းအုပ်လေးကို ကိုင်ရင်း ထုံးစံအတိုင်း ဆွမ်းလောင်းရန် မတ်တတ်ရပ် နေ၏။ ဘေးအိမ်တံတားတွင်လည်း စောနန္ဒာခိုင်က ထိုအတိုင်းပင် မတ်တတ်ရပ်နေရင်း ဆွမ်းလောင်းဖို့ စောင့်နေသည်။

ထိုစဉ် ကိုရင်လေးများ ထိုင်လျက်ကြွလာသော လှေလေးတစ်စင်းက နန်း ခမ်းကြာညိုသွယ်၏ အိမ်ရှေ့သို့ ဆိုက်ကပ်လာ၏။ နန်းခမ်းကြာညိုသွယ်က ထမင်းအုပ်လေးထဲမှ ထမင်းများကို ခပ်ကာ ကိုရင်လေးများ၏ သပိတ်ထဲ သို့ တစ်ပါးချင်းစီ လောင်းထည့်ပေးလိုက်၏။

ပြီးနောက် ကိုရင်လေးများက ရှေ့သို့ ဆက်ကြွသွားပြီး စောနန္ဒာခိုင်၏ အိမ်ရှေ့အရောက်တွင် လှေကိုရပ်လိုက်ပြန်၏၊ စောနန္ဒာခိုင်ကလည်း

စောစောက ကြာညို လောင်းသလိုပင် ဆွမ်းလောင်းလိုက်၏။

ထိုစဉ် နမ့်သဲရွာဘက်ဆီသို့ ဦးတည်လာသော စက်လှေလေးတစ်စီး ကြာညိုတို့ အိမ်ရှေ့ မရောက်ခင်လေးမှာပင် အရှိန်လျှော့လိုက်သည်။ စက်လှေပေါ်တွင် ပါလာသော မိန်းကလေးက လက်ဝှေ့ပြရင်း .....

"ဟေး ... ကြာညို"

ဆွမ်းလောင်းပြီး၍ အိမ်ထဲပြန်ဝင်ဖို့ ပြင်နေသော ကြာညိုက အသံလာရာဆီသို့ လှည့်ကြည့်လိုက်ရင်း သူငယ်ချင်းဖြစ်သူ ယဉ်ယဉ်နွဲ့ကို မြင်သောအခါ လက်ပြန်ပြ လိုက်ရင်းနှုတ်ဆက်လိုက်၏။

"ဟေး ... အနွဲ့ ... ဘယ်သွားမလို့လဲ"

ယဉ်ယဉ်နွဲ့၏ စက်လှေလေးက ကြာညိုတို့ အိမ်ရှေ့တံတားစပ်ဆီသို့ အရောက်တွင် စက်လှေပေါ်မှ လှမ်းပြောလိုက်သည်။

"နမ့်သဲ ဘက်သွားမလို့ ကြာညိုရေ ...။ ညည်းကိုမြင်လိုက်တာနဲ့ သတင်းကောင်း တစ်ခု ရှိတာ သတိရသွားလို့ဟယ် ... အဲဒါပြောမလို့...."

"ဘာသတင်းများတုန်း အနွဲ့ရယ် ..."

"တောင်ကြီးမှာ ငါ့အစ်ကိုက Studio ဖွင့်မလို့တဲ့အေ ··။ အဲဒါ ညည်း သီချင်းသွင်းမယ်ဆိုရင် ဂျူတီကြေးရော Date ရော အဆင်ပြေအောင် လုပ်ပေးလို့ရတယ်ဆိုတာ ပြောမလို့"

ထိုစကားကြောင့် ကြာညိုက မျက်နှာတစ်ခုလုံး ဝင်းပသွားပြီး ကလေးတစ်ယောက်လို ပျော်သွား၏။

"ဟယ် ... တကယ်ကြီးလား ... ဝမ်းသာလိုက်တာဟယ် ... ဒါဆို ရန်ကုန် ထိသွားစရာ မလိုတော့ဘူးပေါ့။ သွင်းမယ် .... သွင်းမယ် ... ငါအမြန်ဆုံး သီချင်းသွင်းနိုင်အောင် ကြိုးစားမယ်အေ ..."

ခပ်လှမ်းလှမ်းမှ နားထောင်နေသော စောနန္ဒာခိုင်ကလည်း ထိုသတင်းကြောင့် ဝမ်းသာသွားရင်းက ကြာညိုတို့ကို လှမ်းကြည့်နေ၏။ ယဉ်ယဉ်နွဲ့က ...

"အေး ... ကြိုးစား .... ကြိုးစား ... နင်အဆိုတော် ဖြစ်ရင်တော့ ငါ့ကို မမေ့ရဘူးနော်။ ဟား ... သွားဦးမယ်ဟေ့ ..."

ယဉ်ယဉ်နွဲ့၏ စက်လှေလေးကား တရွေ့ရွေ့နှင့် ထွက်ခွာသွားတော့၏။ ထိုစဉ် ဈေးဝယ်ပြီး ပြန်လာသော ဒေါ်ငွေးက လှေလေးနှင့် ရောက်လာ၏။ အိမ်ထဲ ကိုယ်စီဝင်ဖို့ပြင်နေသော ကြာညိုနှင့် စောနန္ဒာခိုင်တို့ကို ဒေါ်ငွေးက ရေးကြီးသုတ်ပျာဟန်ဖြင့်

"ဟဲ့ ... ဟဲ့ .. ဟိုနှစ်ယောက် ခဏလေးနေဦး ငါ ... ညည်းတို့ကို ပြောစရာရှိလို့ ..."

ကြာညိုနှင့် စောနန္ဒာခိုင်တို့က ဘာပါလိမ့်" ဆိုသော အမူအရာဖြင့် ဒေါ်ငွေးကို ပြိုင်တူကြည့်ကြသည်။ ဒေါ်ငွေးက လှေကြိုးကို စောနန္ဒာခိုင်တို့ တံတားစပ်တွင် ချည်လိုက်ရင်း

"ဟဲ့ .. သိလား .. တို့ရွာကို လူသစ်တွေ ပြောင်းလာတယ်။ ငါဈေးသွားရင်းနဲ့ ဒီမနက်ပဲ တွေ့ ခဲ့တာဟဲ့။ ဟို ရွာထိပ်က အိမ်မည်းမည်းကြီးလေ။ အဲဒီကို ပြောင်းလာကြတာ"

ဒေါ်ငွေးက တံတားပေါ် မတက်သေးဘဲ ပြောချင်လောကြီးစွာဖြင့် လှေထဲတွင်ပင် ပြောလိုက်ခြင်းဖြစ်သည်။ လူ့သဘာဝသည် တစ်စုံတစ်ခုသော အကြောင်းကို စိတ်ထဲ မကျေနပ် လျှင်သော်လည်းကောင်း၊ စိတ်ထဲကျေနပ်လွန်းလျှင် သော်လည်းကောင်း ထိုအစွန်းနှစ်ဖက်တွင် ရပ်မိသည့်အခါ ပြောချင်လောကြီးတတ်သည် မဟုတ်လား။

"ဟာ ... ပေါင်ဒွေးရယ် .... ဘာများလဲလို့... ရွာကို လူသစ် ပြောင်းလာတာ ဆန်းသလားတော်။ ဟိုပြောင်းဒီရွှေ့ ဒီလိုပဲ လုပ်နေကြတာ မဟုတ်လားနော် ကြာညိုရယ် ..."

စောနန္ဒာခိုင်က အဒေါ်ဖြစ်သူ ဒေါ်ဒွေးကို အင်းလေးစကားအတိုင်း ယဉ်ယဉ်ကျေးကျေး ပေါင်ဒွေး ဟု ခေါ်ပြောလိုက်သည်။

ကြာညိုက နှုတ်ခမ်းကို ပြုံးတုံ့တုံ့လေးဖြင့် မဲ့ရွဲ့လိုက်ရင်းက

"ဟုတ်ပ့ါ ..။ ပေါင်ဒွေးတို့က ဖြစ်လိုက်ရင် အသည်းအသန် ရွာကို လူသစ် ပြောင်းတာများ အထူးအဆန်းလုပ်လို့ ..."

"ဟဲ့ ... ဆန်းတယ်တဲ့ ... ဆန်းတယ် ... နင်တို့ စဉ်းစားကြည့်လေ။ ရွာကို လူတွေ ပြောင်းလာကြပြီ ဆိုရင် ... ရွာခံလူတွေနဲ့ မရင်းနှီး ရင်းနှီးအောင် တောင် အိမ်တက်တွေဘာတွေ လုပ်ပြီး မိတ်ဖွဲ့ကြသေးတာ။ သူတို့ကျတော့ ငါက တခုတ်တရ နှုတ်ဆက်တာတောင် ငါ့ကို မတူသလို မတန်သလို ဆက်ဆံ လွှတ်လိုက်တယ်လေ ..."

"အို ... သူတို့ မခေါ်တော့လည်း အနေသာကြီးပါ ပေါင်ဒွေးရယ်။ စိတ်ထဲ ထားမနေစမ်းပါနဲ့။ ပေါင်ဒွေး မကြားဖူးဘူးလား။ လူဆိုတာ မှန်လိုကျင့်ရ တယ်တဲ့၊ ကိုယ့်ကိုရယ်ပြရင် ပြန်ရယ်ပြလိုက်ရုံပဲ။ ကိုယ့်ကို အဖက်မလုပ် တော့လည်း ဘာသိဘာသာပဲပေ့ါ။ ဘာမှ ဝမ်းနည်းစရာ မလိုဘူး၊ မဟုတ် ဘူးလား ကြာညိုရယ်"

ကြာညိုက စောနန္ဒာခိုင်၏ အပြောကို သဘောကျဟန်ဖြင့် အနည်းငယ် ပြုံးလိုက်ရင်း ပြန်ပြောလိုက်သည်။

"ဟုတ်တာပေ့ါ ယောက်မရယ်။ အဲဒီလိုကျတော့ ယောက်မက တော်သွား ပြန်ရော။ ငါ့အစ်ကိုတော့ ကံကောင်းပြီဟေ့"

ကြာညို၏ 'ယောင်းက်မ' ဆိုသော အပြောကြောင့် စောနန္ဒာခိုင်က ရှက်သွားရင်းက

"ဟာ ... ဘာယောက်မလဲ ... ကြာညိုနော် ..."

"အံမယ် ... မဟုတ်လို့လား .... ဘာအခုမှရှက်နေတာလဲ"

"ဟာ ... တော်ပြီ ... ဘာမှန်းလည်းမသိဘူး ကြာညိုနော်။ အကောင်းပြော မလို့ .. ခဏနားထောင်၊ နင့်အစ်ကို မနက်ဖြန်ကျရင် အားလား ..."

"အားပါတယ် ... ဘာဖြစ်လို့လဲ"

"မနက်ဖြန်ကျရင် ငါ အင်းတိမ်ဘုရားမှာ ယတြာချေဖို့ရှိလို့ အဲဒါ စိုင်းကို လိုက်ပို့ခိုင်းချင်လို့လေ"

"ဩော် ... ဒါများ ... လိုက်ပို့ပေးမှာပေါ့။ စိတ်ချ ယောက်မ ... ငါပြောပေး မယ်"

ကြာညိုသွယ် အပြောကြောင့် စောနန္ဒာခိုင် ရှက်သွားပြီး

"ဟာ ... ကြာညိုကလည်း ယောက်မလို့မခေါ်ပါနဲ့ဆို ... သွားဘာမှန်း လည်းမသိဘူး"

ဟုပြောရင်း ရှက်ရှက်နှင့် အိမ်ထဲ ဝင်ပြေးသွားတော့သည်။ နန်းခမ်းကြာ ညိုသွယ်နှင့် ဒေါ်ငွေးတို့က စောနန္ဒာခိုင်ကိုကြည့်ရင်း တသိမ့်သိမ့် ရယ်မောလိုက်မိကြတော့သည်။

***

စောနန္ဒာခိုင်၏ ဘဝစာမျက်နှာ ... ၁

စိုင်းဝဏ္ဏနှင့် စောနန္ဒာတို့ အတူစီးနင်းလာသော စက်လှေလေးက အင်းတိမ်ဘုရားဆိပ်တွင် ညင်စွာ ဆိုက်ကပ်လိုက်၏။ သူတို့ စက်လှေတွင်း မှ လှမ်းကြည့်လိုက်သောအခါ 'သမိုင်းဝင် ရွှေအင်းတိမ်ဘုရား' ဆိုသည့်

ဆိုင်းဘုတ်မုခ်ဦးကို လှမ်းမြင်ရ၏။ ရွှေအင်းတိမ်ဘုရားကို သီရိဓမ္မာသောကမင်းကြီး စတင်တည်ခဲ့သည်။ ထို့နောက် ပုဂံအနော်ရထာမင်းက ထပ်ဆင့်တည်၍ ဘုရားကို စောင့်ရှောက်ရန်အတွက် ပုဂံသားများကို ထားခဲ့သည်ဟုဆိုသည်။ ထို့ကြောင့် အင်းသားတို့သည် ပုဂံပြည်မှ ရောက်ရှိလာသော ပုဂံသားများ ဖြစ်သည်ဟု ဆိုကြခြင်း ဖြစ်သည်။ သမိုင်းသုတေသီများကတော့ အင်းသားများသည် မြန်မာနိုင်ငံ အလယ်ပိုင်းသို့ ခွဲထွက်လာသော တိဗက်မြန်မာ အနွယ်ဝင် တိုင်းရင်းသားတစ်စုဟု ဆိုကြပြန်သည်။ ဒေသခံအင်းသားတို့ကတော့ သူတို့သည် ပုဂံပြည့်ရှင် အလောင်းစည်သူမင်းလက်ထက်မှ ဆက်နွှယ်လာသူများဟူ၍ ယူဆပြောဆိုကြသည်။

အင်းသားများသည် ပုဂံသား ရှေးမြန်မာအနွယ်ဝင်များ ဖြစ်စေ (သို့) ထားဝယ်သား အဆက်အနွယ် များမှ ဆင်းသက်လာသည် ဖြစ်စေ (သို့) ပညာရှင်များ ယူဆကြသကဲ့သို့ တိဗက်-မြန်မာ အနွယ်ဝင်များမှ ပေါက်ဖွားလာကြသည် ဖြစ်စေ ... မည်သည့် အနွယ်ဝင်များမှ ဆင်းသက်ပေါက်ဖွားလာကြသည်ဖြစ်စေ စာရင်းစစ်လိုက်ပါက မြန်မာမျိုးနွယ် အုပ်စုဝင်များပင် ဖြစ်ကြသည်။

စိုင်းဝဏ္ဏတို့ စက်လှေ၏ ဘေးဘက်တွင် တခြား ဘုရားဖူး စက်လှေများက လူများသည် အထုပ်ကြီး အထုပ်ငယ်ကိုယ်စီကိုင်ကာ ဆိပ်ကမ်းလှေကားထစ်လေးမှ တစ်ဆင့် ဘုရားရင်ပြင်တော်ပေါ် တက်နေကြ၏။ စောနန္ဒာခိုင်က လှေထဲမှနေ၍ ဘုရားပရဝဏ်ကို ကြည်ကြည်နူးနူး ငေးကြည့်နေစဉ်မှာပင် စိုင်းဝဏ္ဏက စက်လှေပေါ်မှ ကုန်းပေါ်သို့ တက်နှင့်ပြီဖြစ်သည်။

"နန္ဒာ ... ဘာလုပ်နေတာလဲ ဆင်းလေ .."

"အေးပါ ... စိုင်းရယ် ... နင်ကလည်းလောလိုက်တာ။ ချောင်းထဲကနေ

မြင်ရတဲ့ ဘုရားစောင်းတန်းကြီးရဲ့အလှကိုတောင်တောင်မခံစားရတော့ဘူး လား၊ တကတည်းမှဘဲ လာပြီ ... လာပြီ ..ဆင်းပြီ"

စောနန္ဒာခိုင်က မကျေနပ်သလို မျက်စောင်းလေးထိုး၊ နှုတ်ခမ်းလေး အနည်းငယ်စူရင်း စက်လှေပေါ်မှ ဆင်းလာ၏။ ထို့နောက် နှစ်ယောက်သား ဘုရားစောင်းတန်းအတိုင်း လျှောက်သွားကြ၏။ စိုင်းဝဏ္ဏက ခြေလှမ်း သွက်သလောက် စောနန္ဒာခိုင်ကတော့ ဟိုဒီငေးမောရင်း ခပ်ဖြည်းဖြည်း လျှောက်နေရာ ရှေ့အရင် ကြိုကြိုရောက်နေသော စိုင်းဝဏ္ဏက ရပ်ပြီး စောင့် စောင့်နေရသည်။

"ဟာ ... နန္ဒာကလည်း မြန်မြန်လာလေဟာ။ နင်ဒီကိုလာတာ ယတြာချေဖို့ပဲ မဟုတ်လား။ ဘုရားရှေ့သွားပြီး လုပ်စရာရှိတာ ခပ်မြန်မြန် လုပ်လိုက် ပြီးတဲ့ဥစ္စာ"

စိုင်းဝဏ္ဏက ပြောရင်း ရှေ့မှ ခပ်သွက်သွက် လျှောက်သွားသည်။ စောနန္ဒာခိုင်က ...

"ဟဲ့ ... ဘုရားရောက်ဟာ အေးအေးဆေးဆေး နေပါရစေဦးဟာ"

နန္ဒာကလည်းပြောရင်း စိုင်းဝဏ္ဏနောက်သို့ ခပ်သွက်သွက်လိုက်သည်။

"အမယ် ....။ နင်ကအခုမှ ဒီကိုရောက်ဖူးတဲ့ ညွှေ့သည်ကျနေတာပဲ။ ကိုယ့် အင်းထဲက ဘုရားပဲဥစ္စာ။ ဘယ်အချိန်လာလာ ဘာထူးလို့လဲ ... မဟုတ်တာ ဇာချဲ့နေပြန်ပြီ"

"နေစမ်းပါဦး .. နင်ကရော ဘာတွေလောနေတာလဲ"

"ဟ ... စိုက်ခင်းထဲမှာ ခရမ်းချဉ်သီး ခူးရမယ်လေ အသီးက ခူးချိန်ရောက် လို့ မခူးရင် ပိုးကိုက်သွားမှာပေါ့ ... နန္ဒာရဲ့"

ထိုသို့စကားပြောရင်း စောင်းတန်းအဆုံးက အာရုံခံတန်ဆောင်းတွင်

သိတင်းသုံးနေသော ဘုရားရုပ်ပွားတော်ရှေ့သို့ ရောက်လာသည်။ စောနန္ဒာ ဘာမှပြန်မပြောဘဲ မျက်စောင်းထိုးရင်း ဘုရားဝတ်ပြုလိုက်၏။ ထို့နောက်ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူကာ ဂြိုဟ်တိုင်ကို ရေသပ္ပာယ်လိုက်သည်။

စိုင်းဝဏ္ဏကတော့ ဘုရားကို ဝတ်ကျေတန်းကျေ ကန်တော့ပြီး ခပ်လှမ်းလှမ်းတွင် ထိုင်နေ၏။

အားလုံးပြီးလို့ စောနန္ဒာခိုင် ထလာသောအခါ စိုင်းဝဏ္ဏက စောနန္ဒာ အခိုင်ဆီသို့ ခပ်သွက်သွက် သွားလိုက်ပြီး

"ကဲ ... ပြီးပြီ မဟုတ်လား .... ပြန်မယ်လေ ...."

စောနန္ဒာခိုင်က ဘာမှမပြောဘဲ ဘုရားရဲ့ ဘေးဘက်တံခါးကနေ ထွက်ကာ အပြင်သို့ ငေးကြည့်လိုက်ရင်း ...

"ဟိုးမှာကြည့်စမ်း စိုင်း ...။ မလှဘူးလား။ ပအို့ဝ်တောင်တန်းတွေလေ။ အဲဒီတောင်တန်းတွေပေါ်က စိုက်ထားတဲ့ စိုက်ခင်းတွေကိုလည်း ကြည့်ပါဦး၊ ဘယ်လောက် မျက်စိပသာဒ ဖြစ်စရာ ကောင်းလိုက်သလဲလို့၊ ဟိုးအရင် မြန်မာဘုရင်တွေခေတ်က အင်းထဲကနေပြီး မန္တလေးဘက်သွားရင် အဲဒီတောင်တွေကိုဖြတ်ပြီး တောလမ်းအတိုင်း သွားရတာလို့ ပြောတယ်။ အဲဒါ ဟုတ်လားဟင် ... စိုင်း ..."

စောနန္ဒာခိုင်က ကြည်ကြည်နူးနူးလေး ပြုံးရင်း စိုင်း၏ ပခုံးစွန်းလေးကိုဆွဲပြီး မေးလိုက်၏။

"အင်း ... ဟုတ်မှာပေ့ါ ... ငါလည်း သေချာတော့ ဘယ်သိပ့်ါမလဲ။ ဘာပဲဖြစ်ဖြစ် အရေးမှ မကြီးတာဟာ၊ ကဲ ... နင်ယတြာချေလို့ပြီးပြီ မဟုတ်လား။ လာ ... ပြန်ကြမယ်။ အချိန်မရှိဘူးဟ ..."

စိုင်းဝဏ္ဏာက ပြောပြီး ရှေ့မှ ထွက်သွား၏။ စောနန္ဒာခိုင်က သူမကစိုင်းဝဏ္ဏာနှင့် အတူသွားရသည်မို့ ကြည်နူးကာ စကားလေးများ ပြောသည်ကို စိုင်းဝဏ္ဏာက အဖက်မလုပ်သဖြင့် စိတ်မကောင်းဖြစ်ကာ မျက်နှာလေး ညှိုးသွားသည်။ သူမအဖြစ်ကား မြင်းကမလှုပ် ခုံကလှုပ်နေရသည်မို့ ဝမ်းနည်းဒေါသလေးက ရိပ်ခနဲ ခေါင်းပြူလာမိ၏။ သို့သော် ချစ်ခြင်းသည် ဖန်တီးယူ၍ မရသည့် သဘာဝကို နားလည်ထားသည်မို့ စောနန္ဒာခိုင်တစ်ယောက် ဘာမျှမတတ်နိုင် သကဲ့သို့ သက်ပြင်းလေးသာ ခပ်ဖွဖွချရင်း စိုင်းဝဏ္ဏာနောက်သို့ လိုက်သွားသည်။

စိုင်းဝဏ္ဏာကတော့ ဘာခံစားချက်မှ အရောင်မစွန်းသည့် အဖြူရောင်မျက်လုံးတို့ဖြင့် စက်လှေပေါ်တက်ကာ စက်နှိုးလိုက်သည်။

ထို့နောက် စောနန္ဒာခိုင်က မျက်နှာညှိုးညှိုးလေးဖြင့် စက်လှေပေါ်တက်ထိုင်သည်။ စောနန္ဒာခိုင်က စိတ်ထဲ မည်သို့မျှ မျိုချမရတာကြောင့် ...

"နေစမ်းပါဦး ... စိုင်းရဲ့ ... နင်ကအခုမှ ဘာလို့ ... ဒီလောက် အလုပ်တွေကြိုးစားချင်နေရတာလဲ ... နင့်အတွက် အချိန်က တော်တော် အရေးကြီးနေတယ် ဟုတ်လား"

"ဟုတ်တယ် ... ငါအလုပ်များများလုပ်ပြီး ပိုက်ဆံရှာမှဖြစ်မယ်"

"ဟင် ... အခုမှ နေ့ချင်း ညချင်း ဘယ်လိုဖြစ်သွားတာလဲ ... နင်အရင်က ဒီလောက်ကြီး အသည်းအသန် မလုပ်ပါဘူး။ ဘာလဲ နင်မိန်းမယူဖို့ စုနေတာလားဟင်"

စိုင်းဝဏ္ဏာ၏အပြောကို တစ်ဖက်သတ် ရင်ခုန်နေရသူ စောနန္ဒာခိုင် တစ်ယောက် မထင်ရဲ ထင်ရဲဖြင့် သူမကိုယ်သူမ အနည်းငယ် ယုံကြည်စိတ်ကြောင့် မေးလိုက်မိသည်။ စိုင်းဝဏ္ဏာက

"စုနေတာတော့ ဟုတ်တယ်၊ ဒါပေမဲ့ .... မိန်းမယူဖို့တော့ မဟုတ်ဘူး၊ ငါ့ညီမလေးအတွက် ငါ စုနေတာ။ အဆိုတော် ဖြစ်ချင်နေတဲ့ ငါ့ညီမလေးရဲ့ ဆန္ဒကို ငါက ဖြည့်ဆည်းပေးချင်တာ"

မျှော်လင့်ချက်ဖြင့် ငဲ့လင့်ရင်း မေးလိုက်သော်လည်း စိုင်းဝဏ္ဏ၏အဖြေကြောင့် စောနန္ဒာခိုင်တစ်ယောက် ဝမ်းနည်းသွားသဖြင့် စကားတို့ဆွံ့အပြီး စိုင်းဝဏ္ဏကိုသာ ငေးကြည့်နေမိ၏။ စိတ်ထဲကတော့.....

"သြော် ... စိုင်းရယ် ... နင့်နှလုံးသားထဲမှာ ငါ့အတွက် နေရာမရှိဘူးနော်၊ ငါ့ ရင်ခုန်သံတွေကို နင်ကြားရဲ့သားနဲ့ ဘာလို့ လျစ်လျူရှုနိုင်ရတာလဲငါ ... နားမလည်ဘူးဟာ ... ဟင်း ..."

တိုးတိတ်စွာ သက်ပြင်းချမိရင်းက မျက်လုံးကို ရှေ့သို့သာ ဦးတည်လိုက်ရတော့သည်။

***